ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )**

**[ တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၇၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသတွင်းလူမှုရေးကိစ္စ။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ မျက်စိစမ်းသပ်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊

ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ပါတီရေးရာကိစ္စ။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ မိသားစုကိစ္စ။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မော်တော်ဆိုင်ကယ်များအား အချိန်ကန့်သတ်ချက်ထား၍ ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးခြင်းထက် အချိန်မရွေး ယာဉ်မှတ်ပုံတင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော က မော်တော်ဆိုင်ကယ်များအား အချိန်ကန့်သတ်ချက်ထား၍ ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးခြင်းထက် အချိန်မရွေး ယာဉ်မှတ်ပုံတင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ရိုသေလေးစား ရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့ အစည်းအဝေးသို့ ကြွရောက်လာကြပါသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင် အဖွဲ့ဝင် လူကြီးမင်းများနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း ၂၉၆၁၅ ဗိုလ်မှူး အောင်ကျော်ဇော ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယနေ့ ကျွန်တော် မေးမြန်းလိုတဲ့ကြယ်ပွင့်ပြ မေးခွန်းကတော့ မော်တော်ဆိုင်ကယ်များအား အချိန်ကန့်သတ်ချက်ဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ပေး ခြင်းထက် အချိန်မရွေး ယာဉ်မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရထားပို့ဆောင်ရေး ဝန်ကြီး ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့ တရားမဝင်ပြည်ပမှတင်သွင်းလာတဲ့ လိုင်စင် မဲ့ မော်တော်ဆိုင်ကယ်များကို အချိန်အကန့်အသတ်ဖြင့် တရားဝင် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးခြင်းကို (၉)ကြိမ်တိုင်တိုင်ဆောင်ရွက်ပေးပြီးဖြစ်တယ်လို့ သိရှိရပါတယ်။ နောက်ဆုံး အကြိမ်အဖြစ် ၁၇-၂- ၂၀၁၄ ရက်နေ့မှ ၄-၇-၂၀၁၄ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်ပေါင်း(၉၀)အတွင်း ဆောင်ရွက်ပေးခဲ့ပြီး၊ မော်တော်ဆိုင်ကယ်အစီး (၄၅၀၀၀၀)ကျော်ကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့တယ်လို့လည်း သိရှိရ ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်မပြုလုပ်ရသေးတဲ့ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ကျန်ရှိနိုင်တဲ့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ အဓိကဝင်ရောက်ရာ လမ်းကြောင်းများဖြစ်တဲ့ နယ်စပ်ဝင်ပေါက်များကို ထိန်းချုပ်ထားနိုင်ရန်မှာလည်း ကန့်သတ်ချက်များ များစွာရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် မော်တော်ဆိုင်ကယ်များဟာ ကျေးလက်နေအခြေခံပြည်သူအများစုအတွက် နိစ္စဓူဝ သွားလာရေး၊ သယ်ယူပို့ဆောင်ရေးတို့အတွက် များစွာအထောက်အကူပြုလျက်ရှိတဲ့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း များစွာအထောက်အကူပြု လျက် ရှိပါတယ်။ သို့သော်လည်း မော်တော်ဆိုင်ကယ်ထုတ်လုပ်ရောင်းချတဲ့ အိမ်နီးချင်းနိုင်ငံများဟာ ကျွန်တော်တို့နိုင်ငံမှာ အချိန်ကာလကန့်သတ်ပြီး လိုင်စင်ပြုလုပ်ပေးတဲ့အချိန်များမှာ ဈေးကွက်ဝယ်လို

အားအပေါ်မူတည်ပြီး ရုတ်တရက် ဈေးနှုန်းများကို မြှင့်တင်လေ့ရှိတဲ့အတွက် နိုင်ငံတော်အတွက်လည်း အကျိုးမရှိ၊ နိုင်ငံသားအခြေခံလူတန်းစားများအတွက်လည်း ငွေကြေးအပိုကုန်ကျ နစ်နာမှုများ ဖြစ်ပွား ပြီး နိုင်ငံ့ဘဏ္ဍာငွေများ အလဟဿ အပိုကုန်ကျရလေ့ ရှိပါတယ်။

ကျေးလက်နေ ပြည်သူများအနေနဲ့ မိမိတို့လယ်ယာလုပ်ငန်းခွင်မှာ သီးနှံများထွက်ရှိ ရောင်းချရတဲ့အချိန်၊ စပါးပေါ်ချိန်၊ ပဲပေါ်ချိန်စသည်ဖြင့် လယ်ယာသီးနှံများ ထွက်ရှိ ရောင်းချရတဲ့ အချိန်၊ ငွေရှင်ချိန်များမှာ လွတ်လပ်စွာနဲ့ ဈေးနှုန်းချိုသာစွာ မော်တော်ဆိုင်ကယ်များ ဝယ်ယူနိုင်ပြီး တော့မှ တရားဝင်မှတ်ပုံတင်ခွင့်ရရှိပါက များစွာအဆင်ပြေနေမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မော်တော်ဆိုင်ကယ် မှတ်ပုံတင်ခြင်းလုပ်ငန်းကို အချိန်အကန့်အသတ်ဖြင့် စီမံ ချက်သဘောမျိုး ဆောင်ရွက်ပေးခြင်းထက် အမြဲတမ်းမှတ်ပုံတင်ခွင့်ပြုခြင်းအားဖြင့် နိုင်ငံတော် အနေဖြင့်လည်း ထိုက်သင့်သော အခွန်များ ပုံမှန်ရရှိပြီး၊ ကျေးလက်နေ အခြေခံလူတန်းစား ပြည်သူ များလည်း စိတ်ချမ်းသာစွာနဲ့ ဝယ်ယူစီးနင်းနိုင်ပြီးတော့ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါ တယ်။ တရားဝင်မှတ်ပုံတင်ခွင့်ပြုထားပါလျက် တရားဝင်မှတ်ပုံတင်ခြင်း မရှိတဲ့ မော်တော်ဆိုင်ကယ် များကို စစ်ဆေးတွေ့ရှိပါက ဒဏ်ကြေးဖြင့် မှတ်ပုံတင်ခကို (၂)ဆ သတ်မှတ်၍ တရားဝင်မှတ်ပုံတင်စေ ခြင်း။ ပေးဆောင်နိုင်ခြင်း မရှိပါက နိုင်ငံပိုင်သိမ်းယူ၍ လေလံတင်ရောင်းချခြင်း၊ မော်တော်ဆိုင်ကယ် အင်္ဂါရပ်နဲ့ မညီတော့တဲ့ ဆိုင်ကယ်အဟောင်းများကို မော်တော်ယာဉ်များနည်းတူ ဖျက်သိမ်းခွင့်ပြုပြီး အစားထိုးလိုင်စင်ကို ဈေးနှုန်းလျှော့ပေါ့ ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျပြီး ရေရှည်မှာ တရားမဝင်လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို ထိန်းချုပ်နိုင်ပြီးတော့ ဆိုင်ကယ်နဲ့ ပတ်သက်တဲ့ မှုခင်းများလည်း လျော့ပါးလာမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန အနေနဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရများရဲ့ အစီအစဉ်နဲ့ မူလဆိုင်ကယ်တန်ဖိုးရဲ့ (၅၀)ရာခိုင်နှုန်းကို အခွန်ကောက်ခံပြီး ဒေသ အလိုက် လိုင်စင်ထုတ်ပေးနိုင်ရန် ခွင့်ပြုထားပြီး ဖြစ်တယ်လို့လည်း သိရှိရပါတယ်။ အခုလို ဖြေလျှော့ပြီး လိုင်စင်ခွင့်ပြုပေးတဲ့အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ပေးမှုအပေါ်မှာ ဝမ်းသာ ကျေနပ်မိသော်လည်း ဆိုင်ကယ်တန်ဖိုးရဲ့ (၅၀)ရာခိုင်နှုန်းကို အခွန်အဖြစ်ပေးဆောင်စေတာကတော့ ကျေးလက်နေ အခြေခံလူတန်းစားများအတွက် အခွန်ငွေ များပြားလွန်းတယ်လို့ ယူဆမိပါတယ်။ သို့ဖြစ် ၍ အခွန်နှုန်းထားကို ယခုထက်ပိုမို ဖြေလျှော့ပေးစေလိုပါတယ်ခင်ဗျား။ ဒီနေရာမှာ ဆိုင်ကယ်နဲ့ ပတ်သက်ပြီး ယာဉ်မတော်တဆဖြစ်ပွားမှု အန္တရာယ်များဟာလည်း နှစ်စဉ်တိုးတက်လျက်ရှိ နေတာကို တွေ့ရှိရပါတယ်။ ဒီလိုယာဉ်မတော်တဆဖြစ်ပွားမှုများဟာ ဆိုင်ကယ်အရေအတွက်များပြားလို့ ဖြစ်လာ တယ်လို့ သာမန်အားဖြင့် ယူဆနိုင်သော်လည်း အမှန်တကယ် အသေးစိတ် လေ့လာကြည့်မယ်ဆိုရင် တော့ ဆိုင်ကယ်အသုံးပြုသူများအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိနားလည်မှု နည်းပါး ပြီး လိုက်နာမှု မရှိလို့ဘဲ ဖြစ်တယ်ဆိုတာကို ဆွေးနွေးတင်ပြလိုပါတယ်။

ဆိုင်ကယ်အသုံးပြုသူများကို ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျ ဆွေးနွေးပို့ချပြီး၊ ရေးဖြေစာမေးပွဲများ စစ်ဆေးအောင်မြင်မှသာ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယာဉ်အန္တရာယ် ပညာပေး

ဟောပြောဆွေးနွေးပေးခြင်းများ မကြာခဏဆောင်ရွက်ပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်တိုက်ခိုက်မှု အန္တရာယ်များ လျော့ပါးလာစေမှာ ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်များအနေဖြင့် မော်တော်ယာဉ်များနှင့် နှိုင်းယှဉ်ပါက ဆီစားသက်သာခြင်း၊ ပြင်ဆင် ထိန်းသိမ်းရန် လွယ်ကူခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ လူနှင့်ကုန်စည် အတန်အသင့် သယ်ဆောင်နိုင်ခြင်းစတဲ့ အားသာချက်များရှိသလို၊ အခြားတစ်ဖက်မှာလည်း ယာဉ်မတော်တဆ တိမ်းမှောက်မှုများ ဖြစ်ပွားလွယ်ခြင်း၊ စက်မှုပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံအရ လီဗာရှိသလောက် အရှိန်ဖြင့် စီးနင်းပါက ရုတ်တရက် အတားအဆီးများတွေ့လို့ ရပ်တန့်လိုတဲ့အခါမှာ မော်တော်ယာဉ်များကဲ့သို့ အလွယ်တကူ ရပ်တန့်ရန် ခက်ခဲခြင်းစတဲ့ ယာဉ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကြောင့် ဆိုင်ကယ်ကို ဘရိတ်နိုင်သလောက်သာ အရှိန်ဖြင့် စီးနင်းမှသာလျှင် ယာဉ်အန္တရာယ် ကင်းရှင်းနိုင်ကြောင်း စတဲ့အချက်တွေကို ဆိုင်ကယ်အသုံးပြုသူများကို ပညာပေးခြင်း၊ လက်တွေ့ သရုပ်ပြခြင်းများ ဆောင်ရွက်ပေးသင့်ပါတယ်။

သို့မှသာ နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ အခြေခံလူတန်းစားများအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုစေမှာ ဖြစ်ပါတယ်။ ယခုအခါမှာ အိမ်နီးချင်းနိုင်ငံများမှာ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဆိုင်ကယ်ဈေးနှုန်းများဟာလည်း တဖြည်းဖြည်းလျော့နည်းလာပြီးတော့ ကျေးလက်နေအခြေခံ လူတန်းစားများဝယ်ယူအသုံးပြုနိုင်ရန်အတွက် လက်လှမ်းမီတဲ့အဆင့်ကို ပို၍ပို၍ ရောက်ရှိလာပါတယ်။ ဒါကြောင့် မော်တော်ဆိုင်ကယ်များကို ပြည်တွင်းသို့ တင်သွင်းလာပါက မည်သည့်လမ်းကြောင်းမှ တင်သွင်းလာသည်ဖြစ်စေ နီးစပ်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးမှူးရုံးများမှာ ကနဦး မှတ်ပုံတင်စေပြီး တစ်ပတ်အတွင်းမိမိတို့ အသုံးပြုမယ့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာ ကညန ရုံးများမှာ တရားဝင်ယာဉ်မှတ်ပုံတင် ပြုလုပ်ဆောင်ရွက်ခွင့် ပေးစေလိုပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ ဝယ်ယူအသုံးပြုရန် လက်လှမ်းမီလာပြီး သွားလာရေး၊ သယ်ယူပို့ဆောင်ရေး လွယ်ကူအဆင်ပြေစေရေးအတွက် တစ်ဖက်တစ်လမ်းမှ များစွာ အထောက်အကူပြုလျက်ရှိတဲ့ မော်တော်ဆိုင်ကယ်များကို အချိန်ကန့်သတ်ချက်ထား၍ ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးခြင်းထက် အချိန်မရွေး ယာဉ်မှတ်ပုံတင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးချန်မောင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင် မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ မှတ်ပုံတင်ထားတဲ့ မော်တော်ဆိုင်ကယ်စီးရေက (၄၀၅၃၅၂၂)စီး ရှိပါတယ်။ အဲဒီအနက်က စက်မှုဇုန်ထုတ် မော်တော်ဆိုင်ကယ်များနဲ့ ပြည်ပက တရားဝင် သွင်းကုန်ပါမစ်နဲ့ တင်သွင်းလာတဲ့ မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်ပြုလုပ်ပေးတဲ့ စီးရေကတော့ (၇၆၈၆၀၅)စီး ဖြစ်ပြီးတော့ ပြည်တွင်းကို တရားမဝင်ရောက်ရှိနေတဲ့ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်တွေကို ၁၉၉၉ ခုနှစ်ကနေပြီးတော့ ဒီနေ့အထိ စီမံချက်နဲ့ (၉)ကြိမ် မှတ်ပုံတင်ပြုလုပ်ပေးခဲ့တဲ့ စီးရေကတော့ (၃၂၈၄၉၁၇)စီးဖြစ်ပါတယ်။ ဒီ ကိန်းဂဏန်းတွေအရ တရားမဝင်ရောက်ရှိပြီး မှတ်ပုံတင်ပေးထားတဲ့ စီးရေက သွင်းကုန်ပါမစ်နဲ့ တရားဝင်တင်သွင်းမှတ်ပုံတင်ပြခဲ့တဲ့ စီးရေထက်ပိုမိုများပြားနေကြောင်း စစ်ဆေးတွေ့ရှိရပါတယ်ခင်ဗျား။

အဲဒီလို အကြိမ်ကြိမ်ဆောင်ရွက်ပေးမှုအတွက်ကြောင့်လည်း လူအများရဲ့ စိတ်မှာ ကာလတစ်ခု ရောက်ရှိလို့ရှိရင်တော့ မှတ်ပုံတင်မဲ့ဆိုင်ကယ်တွေကို မှတ်ပုံတင်ပြုလုပ်ပေးဦးမယ်လို့ ယုံကြည်ထင်မှတ်ဆဲဖြစ်ပြီးတော့ စီမံချက်သတ်မှတ်ထားတဲ့ ကာလအတွင်း မိမိလက်ဝယ်မှာရှိတဲ့ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်တွေကို မှတ်ပုံတင်ရေးအတွက် အလေးအနက်မထားကြတာကို တွေ့ရပါတယ်။ အဲဒီလိုယုံကြည်မှုကြောင့် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်တွေကိုသာ အလွယ်တကူဝယ်ယူသုံးစွဲမှုကလည်း အလေ့အထသဖွယ် ဖြစ်နေပါတယ်။ အဲဒီ အလေ့အထဟာ သွင်းကုန်၊ ပို့ကုန်ဥပဒေအရ ငြိစွန်းနေပြီးတော့ ဥပဒေကို မလေးစားဘဲ ချိုးဖောက်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပါတယ်။ ဥပဒေကို လေးစားလိုက်နာပြီး စည်းကမ်းဘောင်အတွင်း ပြုမူနေထိုင်တဲ့ အလေ့အကျင့်ကောင်းများ ဖြစ်စေဖို့အတွက် ၁၇- ၂ - ၂၀၁၄ ရက်နေ့ကနေ ၄ - ၇- ၂၀၁၄ ရက်နေ့အထိ နောက်ဆုံးအကြိမ်အဖြစ် မှတ်ပုံတင်ပြုလုပ်ပေးမှာ ဖြစ်ကြောင်းနဲ့ နောင်မှာ ထပ်မံဆောင်ရွက်ပေးမှာ မဟုတ်တဲ့အကြောင်း နိုင်ငံပိုင်သတင်းစာများ မှာ လုပ်ငန်းအဆင့်အလိုက် ကြေညာချက်များ ထုတ်ပြန်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

ယခုအခါမှာ မြန်မာနိုင်ငံမှာ နိုင်ငံတော်သို့ ကျသင့် ကျထိုက်တဲ့ အခွန်ငွေများပေးဆောင်ပြီး တရားဝင်သွင်းကုန်လိုင်စင်နဲ့ တင်သွင်းရောင်းချတဲ့ မော်တော်ဆိုင်ကယ် အရောင်းပြခန်းများ နိုင်ငံနဲ့တစ်ဝန်းမှာ ဖွင့်လှစ်ရောင်းချလျက်ရှိရာမှာ ဈေးနှုန်းများဟာလည်း အတန်အသင့်သာရှိတဲ့အတွက် သာမန်လူတန်းစားများပင် အလွယ်တကူဝယ်ယူသုံးစွဲနိုင်ပြီး ဖြစ်ပါတယ်။ တရားဝင်တင်သွင်းလာတဲ့ မော်တော်ဆိုင်ကယ်များ ရောင်းချတဲ့ အရောင်းပြခန်းမှာ ဝယ်ယူခြင်းက ဥပဒေကို လေးစားလိုက်နာတဲ့ အလေ့အထကိုလည်း ဖြစ်ပေါ်စေတဲ့အတွက် ပိုပြီးတော့ သင့်လျော်တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း မော်တော်ဆိုင်ကယ်တွေကို ယခုကဲ့သို့ပင် တရားဝင် တင်သွင်းရောင်းချတဲ့ အရောင်းပြခန်းများမှာသာ ဝယ်ယူကြရပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တရားဝင်တင်သွင်းတဲ့ မော်တော်ဆိုင်ကယ်တွေ ရောင်းချတဲ့ အရောင်းပြခန်းစနစ်များ ပိုမိုတွင်ကျယ်လာပြီးတော့ ကြိုက်နှစ်သက်ရာ အရောင်းပြခန်းမှာ လွတ်လပ်စွာ အလွယ်တကူဝယ်ယူခြင်းက ပိုပြီးတော့ သင့်တော်မှာ ဖြစ်ပါတယ်။ ပြည်ပက တင်သွင်းလာတဲ့ မော်တော်ယာဉ်များကို ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ပြည်ပ

တင်သွင်းယာဉ် မှတ်ပုံတင်ခအဖြစ် မော်တော်ယာဉ်ရဲ့ မူရင်းတန်ဖိုး FOB ရဲ့ အပေါ်မှာ သတ်မှတ်ရာခိုင်နှုန်း နဲ့ ကောက်ခံခဲ့သော်လည်းပဲ မော်တော်ဆိုင်ကယ်ကိုတော့ အဲဒီလို ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ ကောက်ခံခြင်းမပြုပါဘူး။

ယာဉ်အို၊ ယာဉ်ဟောင်းအဖြစ် သတ်မှတ်တဲ့ မော်တော်ယာဉ်တွေကို ပိုင်ရှင်ရဲ့ ဆန္ဒအရ ဖျက်သိမ်းမယ်ဆိုရင် တင်ပြပါ ပြည်ပတင်သွင်း ယာဉ်မှတ်ပုံတင်ခအပေါ်မှာ ရာခိုင်နှုန်းတစ်ခု လျှော့ပေါ့ပြီးတော့ ကောက်ခံတဲ့အတွက်ကြောင့် မော်တော်ယာဉ် အဟောင်းတွေကို အပ်နှံပြီးတော့ အစားထိုးတင်သွင်းလို့ ရှိရင် တင်သွင်းတဲ့ သူအနေနဲ့ ငွေကြေးကုန်ကျမှု သက်သာမှုကို ရရှိစေပါတယ်။ မော်တော်ဆိုင်ကယ်တွေကတော့ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်က နဂိုကတည်းက ကောက်ခံခြင်းမရှိတဲ့ အတွက်ကြောင့် မော်တော်ဆိုင်ကယ်အဟောင်း အပ်နှံသော်လည်းပဲ တင်သွင်းဆိုင်ကယ်အတွက် ကုန်ကျမှု သက်သာ နိုင်တာ မရှိတဲ့အတွက် ယာဉ်အို၊ ယာဉ်ဟောင်းစနစ်ကဲ့သို့ ဆောင်ရွက်ရန် မလိုအပ်ကြောင်း တင်ပြအပ် ပါတယ်။

ယခုအချိန်မှာ နိုင်ငံအတွင်းကျန်ရှိနေတဲ့ ဒါမှမဟုတ် ထပ်မံရောက်ရှိနေတဲ့ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တွေကို စိစစ်တွေ့ရှိရင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ သတ်မှတ်ဒဏ်ကြေး ကောက်ခံပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသ ကြီး၊ ပြည်နယ်ရဲ့ နယ်နိမိတ်အတွင်းသာ သွားလာနိုင်ရေးအတွက် သီးခြားဆိုင်ကယ်နံပါတ်သတ်မှတ်ပြီး မှတ်ပုံတင်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဆိုင်ကယ်စီးရေကိုတော့ သက်ဆိုင်ရာ အစိုးရအဖွဲ့များမှ လိုအပ်သလို ကန့်သတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သတ်မှတ်ဒဏ်ကြေးပေးဆောင်ခြင်း မပြုရင်တော့ ပို့ကုန်၊ သွင်းကုန်ဥပဒေအရ တရားစွဲဆိုပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ လေလံတင်ရောင်းချခြင်းများကို ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် မှတ်ပုံ တင်မယ့် မော်တော်ဆိုင်ကယ်များကို ယခင်က ပြုစုခဲ့တဲ့အတိုင်း One Stop Service နဲ့ အချိန်ကာလ ကန့်သတ်ပြီးတော့ မှတ်ပုံတင်ပေးခြင်းမပြုတော့ဘဲ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့အတိုင်း ဒဏ်ကြေးပေးဆောင်စေပြီး မော်တော်ဆိုင်ကယ်မှတ်ပုံတင်ပေးရန်အတွက် လမ်းကြောင်းဖွင့်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် လေးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ မင်းတက်ကျေးရွာတွင် လုံခြုံရေးရဲစခန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညိုထွန်း က ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ မင်းတက်ကျေးရွာတွင် လုံခြုံရေးရဲစခန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးညိုထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် လူကြီးမင်းများ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညိုထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းလိုတာကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တောင်ဖီလာကျေးရွာအုပ်စု၊ မင်းတပ်ကျေးရွာတွင် လုံခြုံရေးရဲစခန်း ရရှိရေး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တောင်ဖီလာကျေးရွာအုပ်စု၊ မင်းတပ်ကျေးရွာသည် အမ်းမြို့နယ်၊ တပ်တောင်ရဲစခန်းမှ (၆)မိုင်ခန့် ကွာဝေးပြီး၊ ရေလမ်းခရီးဖြင့် ဆက်သွယ်ရေး ပြုလုပ်၍ လုံခြုံရေးကို ဆောင်ရွက်နေကြရပါသည်။ တောင်ဖီလာကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၆)ရွာ၊ လူဦးရေပေါင်း (၃၁၅၀)ခန့်ရှိပါသည်။ ဆက်စပ်အုပ်စုများ ဖြစ်ကြသော နွားရုံတောင်ကျေးရွာအုပ်စုတွင် ကျေးရွာ(၅)ရွာ၊ လူဦးရေ (၄၂၈၀)ဦး၊ တန်းတင်ကျေးရွာအုပ်စုတွင် ကျေးရွာ(၁၀)ရွာ လူဦးရေ (၂၃၀၀)နှင့် မွှားကျေးရွာအုပ်စုတွင် ကျေးရွာ(၉)ရွာ၊ လူဦးရေ (၃၆၀၀)ဦးတို့ ရှိကြပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဖလာကျေးရွာအုပ်စု မင်းတက်ကျေးရွာတွင် နိုင်ငံတော်မှ ပညာရေး အထက်တန်းကျောင်း ဖွင့်လှစ်ပေးထားပြီး အခြေခံပညာ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင် စာမေးပွဲကို ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ စာဖြေဌာနခွဲ ဖွင့်လှစ်ကာ ကျင်းပစစ်ဆေးနိုင်ခဲ့ပါသည်။ ထို့ပြင် စာစစ်ဌာန အဆင့် တိုးမြင့်ရေးနှင့် ကျေးရွာ အုပ်စု (၄)အုပ်စုရှိ လူဦးရေ (၁၃၉၃၀)ဦးတို့၏ လုံခြုံရေးကို အနီးကပ် ဆောင်ရွက်ပေးနိုင်ရန် မင်းတက်ကျေးရွာတွင် ရဲစခန်း လိုအပ်နေကြောင်း ပြည်သူများက တင်ပြကြပါသည်။ ရဲစခန်းအတွက် လိုအပ်သော မြေနေရာကိုလည်း မင်းတက်ကျေးရွာတွင် သတ်မှတ်ရွေးချယ်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရခိုင် ပြည်နယ်၊ အမ်းမြို့နယ်၊ တောင်ဖလာကျေးရွာအုပ်စု မင်းတက်ကျေးရွာတွင် လုံခြုံရေးဌာန ရဲစခန်း ချထားဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါကြောင်း ပြည်သူ့အကျိုးငှာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ လေးစားပါတယ်။

**အိမ်၊ ခြံ၊ မြေ ဈေးကစား ဆောင်ရွက်နေသူများကို ဖော်ထုတ်၍ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နှင့် အိမ်၊ ခြံ၊ မြေ ပါမစ်များချထားပေးရာ၌ အမှန်တကယ် နေထိုင်ခြင်းမရှိဘဲ အမြတ်ယူတစ်ဆင့် ပြန်လည်ရောင်းချသူများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဥာဏစိုး က အိမ်၊ ခြံ၊ မြေ ဈေးကစား ဆောင်ရွက်နေသူများကို ဖော်ထုတ်၍ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ နှင့် အိမ်၊ ခြံ၊ မြေပါမစ်များ ချထားပေးရာ၌ အမှန်တကယ် နေထိုင်ခြင်း မရှိဘဲ အမြတ်ယူတစ်ဆင့် ပြန်လည်ရောင်းချသူများကို ဖော်ထုတ်အရေးယူ ဆောင်ရွက် နိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများ အားလုံး ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက် လာတဲ့ ပြည်ထဲရေးဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ မေးမြန်းမယ့်မေးခွန်းကတော့ အိမ်၊ ခြံ၊ မြေ ဈေးကစား ဆောင်ရွက်နေသူတွေကို ဖော်ထုတ်ပြီးတော့ ထိရောက်တဲ့ အရေးယူမှုတွေ ဆောင်ရွက် နိုင်ခြင်း ရှိ/မရှိ နှင့် အိမ်၊ ခြံ၊ မြေ ပါမစ်တွေ ချထား ပေးတဲ့နေရာမှာ အမှန်တကယ် နေထိုင်ခြင်းမရှိဘဲနဲ့ အမြတ်ယူတစ်ဆင့် ပြန်လည်ရောင်းချသူများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးမြို့တော် ရန်ကုန်အပါအဝင် ယဉ်ကျေးမှု မြို့တော် မန္တလေး၊ နောက်တစ်ခါ နိုင်ငံရဲ့မြို့တော် နေပြည်တော်မှာ အိမ်၊ ခြံမြေ ဈေးနှုန်းတွေဟာ အဆမတန်ကို မြင့်မားနေပါတယ်။ အထူးအားဖြင့် ရန်ကုန်မြို့ဟာဆိုရင် ကမ္ဘာအဆင့်မှာဆိုရင် အိမ်ခြံမြေဈေးမှာ နံပါတ် (၃)အဆင့်လောက် ရှိပါတယ်။ ကျွန်တော်တို့ အမေရိကန်နိုင်ငံ နယူးယောက်မြို့တော် ဂျပန်နိုင်ငံ တိုကျိုမြို့တော် ပြီးရင် စင်ကာပူထက်တောင်မှ တချို့နေရာတွေ ပိုပြီးတော့ မြင့်မားနေတဲ့ ဈေးနှုန်းတွေ ရှိပါတယ်။ အဲဒီတော့ မနေ့တစ်နေ့ကပဲ မီဒီယာတစ်ခုမှာ တွေ့လိုက်ရပါတယ်။ မြေမပိုင်တဲ့ ပြည်သူများ နဲ့ လူမနေတဲ့ တိုက်ခန်းများ ဆိုတဲ့ခေါင်းစဉ်ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်မှာ အဆောက်အအုံတွေလည်း ပိုမို တိုးတက်ပြီးတော့ ဆောက်လုပ်နေတာတွေ ရှိပါတယ်။

ဒါပေမဲ့ ဒီလို ဆောက်လုပ်ပြီးတဲ့ တိုက်ခန်းတွေဟာ အင်မတန် ဈေးမြင့်မားတဲ့ တိုက်ခန်း တွေလည်း ဖြစ်နေပါတယ်။ ဈေးမြင့်မားတဲ့ တိုက်ခန်းတွေကိုပဲ လူတစ်ဦးတည်း ဒါမှမဟုတ်ရင်လည်း လူတစ်စုကနေပြီးတော့ အမည်ခံသည်ဖြစ်စေ အမည်မခံသည်ဖြစ်စေ သိမ်းကျုံးပြီးတော့ ဝယ်ယူ ထားတာလည်း ရှိပါတယ်။ ပြီးတဲ့အခါကျတော့မှ ဒါတွေကို ပြန်ပြီးတော့ အမြတ်နဲ့ပေါ့နော် အဆင့်ဆင့် တင်ပြီးတော့ ဈေးကစား နေတဲ့အခါမှာ အိမ်၊ ခြံမြေ ဈေးနှုန်းတွေဟာ ကျဆင်းသွားတယ်လို့ကို မရှိဘဲနဲ့

တဖြည်းဖြည်း တဖြည်းဖြည်း ပိုပြီးတော့ မြင့်တက်နေပါတယ်။ အဲဒီအခါမှာ လူလတ်တန်းစားတွေ အခြေခံလူတန်းစားတွေထဲမှာ နေရေးထိုင်ရေးအတွက် အခက်အခဲတွေ မြောက်များစွာ ကြုံတွေ့ရပါတယ်။ အိမ်ဈေးနှုန်းတွေ မြင့်လာတဲ့အခါကျတော့ အခြေခံလူတန်းစားတွေ နေထိုင်တဲ့ တောင်ဒဂုံတို့ လှိုင်သာယာတို့ ဘက်မှာပါ အိမ်ငှားတဲ့ ဈေးနှုန်းတွေဟာ မြင့်တက်လာပါတယ်။ အဲဒီတော့ ကျောတစ်ခင်းစာ အဆောင်ခန်းလေး နေဖို့တောင်မှ တော်တော်ခက်လာတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ နောက် အဲဒီကနေပြီးမှ မြို့ထဲကိုလာပြီး အလုပ်ဆင်း အလုပ်တက် အသွား/အပြန် လူမှုရေးဒုက္ခတွေလည်း အများကြီးကို ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။ ဒီအပြင် စီးပွားရေး လုပ်ကိုင်ဆောင်ရွက်နေတဲ့ လူတွေအတွက်ကလည်း မြို့ထဲမှာရှိတဲ့ အိမ်ခန်းတွေ၊ ခြံမြေတွေ ဒါ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်နေသူတင် မကပါဘူးခင်ဗျား။ နိုင်ငံတကာကနေပြီးတော့ လာရောက်ပြီးတော့ ဆောင်ရွက်နေတဲ့ INGO အဖွဲ့အစည်းတွေကစ အင်မတန် မြင့်မားတဲ့ ဈေးနှုန်းတွေနဲ့ ငှားရမ်းပြီးတော့ ဆောင်ရွက်နေရတဲ့အခါ ဆင်ဖိုးထက် ချွန်းဖိုး အဆမတန် ကြီးမြင့်နေတယ်လို့ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

နောက် ပြီးခဲ့တဲ့ ရက်သတ္တပတ်ကပဲ လွှတ်တော်မှာ တင်ပြခဲ့ပြီးပါပြီ။ စက်မှုဇုန်တွေ ကိစ္စနဲ့ပတ်သက်ပြီးတော့ အဲဒီလိုပါပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ မလာရောက်နိုင်အောင်လည်း ဒီမြေဈေးနှုန်း ကြီးမြင့်မှုက အဟန့်အတားကြီးတစ်ရပ် ဖြစ်နေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာကတော့ အိမ်ခြံမြေ တစ်ကွက် ဒါမှမဟုတ်ရင် တစ်ခု ထက်ပိုပြီးတော့ ဝယ်ယူထားတဲ့ လူတွေကို ရာခိုင်နှုန်းမြင့်မားတဲ့ အခွန်ကောက်ခံမှုစနစ်ကို ကျင့်သုံးပါတယ်။ Property Gain Tax လို့ ခေါ်ပါတယ်။ အဲဒီလိုမျိုးစနစ် ကျင့်သုံးပြီးတော့ ဆောင်ရွက်ရင်လည်း ရပါတယ်။ ဒါမှ မဟုတ်ရင်လည်း လူပုဂ္ဂိုလ် ဒါမှမဟုတ် မိသားစုတစ်စုရဲ့ အိမ်ခြံမြေ ပိုင်ဆိုင်မှုကို တချို့နိုင်ငံ တွေမှာတော့ ကန့်သတ်ထိန်းချုပ်ထားတာ ရှိပါတယ်။ အဓိက ကတော့ အိမ်ခြံမြေ ဈေး ကစားနေတဲ့ သူတွေကို တိတိကျကျဖော်ထုတ်ပြီးတော့ ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်သင့်ပါတယ်။ အိမ်ခြံမြေကို ဘယ်သူတွေက ဈေးကစားနေတယ်ဆိုတာကို အဲဒီ မြို့နယ်၊ အဲဒီရပ်ကွက်ထဲမှာ မှီတင်းနေထိုင်တဲ့ သူတွေလည်း သိပါတယ်။ အားလုံးလည်း သိပါတယ်။ ဘယ်သူဆိုတာ သိနေရဲ့သားနဲ့ ဒါကို မဖော်ထုတ်ဘူး ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်မျိုး မချမှတ်ဘူး ဆိုရင်တော့ ကျွန်တော်တို့ အိမ်ခြံမြေဈေးနှုန်းကို ကန့်သတ်ထိန်းချုပ်နိုင်ဖို့ရာ အင်မတန်မှ ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။ ခုချိန်မှာ နိုင်ငံတော်အစိုးရကလည်း Affordable Housing Project တွေ ထူထောင်ပြီးတော့ ဆောက်လုပ်နေပါတယ်။ ဒါပေမဲ့ သိန်းရာနဲ့ချီပြီးတော့ မြင့်မားနေတဲ့အခါကျတော့ အခြေခံလူတန်းစားတွေ လက်လှမ်းမမီတဲ့ ဈေးနှုန်းတွေ ဖြစ်နေပါတယ်။ အိမ် တကယ် လိုအပ်နေတဲ့ လူတွေနဲ့ဆိုရင် ဒါဟာ ဘယ်လိုမှ ဆင်ပါးစပ် နှမ်းပက်လို့ ဆိုရမှာပါ။ လုံလောက်တဲ့ အခန်းအရေအတွက်လည်း တည်ထောင်ပေးနိုင်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ ဦးရာလူ ရစတမ်း ဆိုတဲ့ အခြေအနေမျိုးလည်း ဖြစ်နေပါတယ်။

အဓိကအားဖြင့် တင်ပြချင်တာကတော့ အိမ်ခြံမြေတွေကို အမြောက်အမြား ဝယ်ယူပိုင်ဆိုင်ထားပြီးတော့ ဈေးကစားသူတွေကြောင့် မြန်မာနိုင်ငံက မြို့ကြီးတွေရဲ့ အိမ်ခြံမြေ ဈေးနှုန်းတွေက နိုင်ငံတကာ မြို့ကြီးတွေထက်ကို ပိုမြင့်တဲ့ ဈေးနှုန်း ဖြစ်ပေါ်နေတယ်ဆိုတာ အားလုံး အသိပဲ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဒီအကြောင်းတွေကို အခြေခံပြီးတော့ ဥက္ကဋ္ဌကြီးထံမှ တစ်ဆင့် မေးခွန်းနှစ်ခု မေးမြန်းလိုပါတယ်။ (၁)မေးခွန်းကတော့ အိမ်၊ ခြံ၊ မြေ ဈေးကစား ဆောင်ရွက်

နေသူများကို ဖော်ထုတ်၍ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။ (၂) မေးခွန်းကတော့ အစိုးရအဆက်ဆက်က အိမ်၊ ခြံ၊ မြေ ပါမစ်တွေ ချထား ပေးရာမှာ အမှန်တကယ် နေထိုင်ခြင်း မရှိဘဲနဲ့ အမြတ်ယူပြီးတော့ တစ်ဆင့် ပြန်လည်ရောင်းချသူများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ တို့ကို သိရှိလိုတဲ့ အတွက်ကြောင့်မို့လို့ အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အပြုသဘော တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ။

**ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ မီးသတ်ဦးစီးဌာနရှိ မီးသတ်ဝန်ထမ်းများ နေအိမ်အဆောက်အအုံ ခွင့်ပြုမိန့်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း က ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ မီးသတ်ဦးစီးဌာနရှိ မီးသတ်ဝန်ထမ်းများ နေအိမ်အဆောက်အအုံ ခွင့်ပြုမိန့်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးများ၊ ပညာရှင် ကော်မရှင်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိ ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အခုလို ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင့် မေးမြန်းခွင့် ရရှိတဲ့အတွက်ကြောင့် ကျေးဇူးဥပကာရ တင်ရှိကြောင်းလည်း ဦးစွာ ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ရဲ့ အနေအထားကို အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော်တို့ အရန်မီးသတ်စခန်း အဆောက်အအုံနဲ့ပတ်သက်ပြီးတော့မှ အဆောက်အအုံ မြို့မမှာ အလျား(၁၀)ပေအကျယ်၊ အနံ (၂၀)၊ အမြင့် (၁၂)ပေ အကျယ်ရှိ စခန်းကို တည်ဆောက်ထားပါတယ်။ ဒီ (၃)ခန်းထဲမှာ ဆိုလို့ရှိရင် လည်းပဲ ကျွန်တော်တို့ မီးသတ်ကား(၂)စီး အရန်ကား(၁)စီး၊ (၃)ခန်း ဖြစ်ပြီးတော့မှ တစ်ခန်းကို ရုံးအဖြစ် အသုံးချလျက်ရှိပါတယ်။ ဝန်ထမ်းအားဖြင့် ဒုတိယဦးစီးမှူး (၁)ဦးနဲ့ တပ်ကြပ်ကြီး(၁)ဦး၊ တပ်ဖွဲ့ဝင် (၄)ဦးနဲ့ အရံမီးသတ်တပ်ဖွဲ့ (၄၂၀)ကျော်နဲ့ မြို့နယ်ရဲ့ မီးဘေးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ဤကဲ့သို့ ဆောင်ရွက်တဲ့နေရာမှာ အခုလိုပဲ လွှတ်တော်ကိုယ်စားလှယ် များရဲ့ တင်ပြချက်အရ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အခုလို တင်တောင်းလိုက်တဲ့ အင်အား အဆောက်အအုံများ၊ မီးသတ်ကားများကို အခုလို ချပေးတဲ့အတွက်ကြောင့်လည်းပဲ များစွာပဲ ဝန်ကြီးကို ကျေးဇူးဥပကာရတင်ရှိကြောင်းလည်း၊ အထူးကျေးဇူးတင် ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီတိုင်းပဲ မြို့နယ်အနေနဲ့လည်းပဲ နေရာထိုင်ခင်းနဲ့ပတ်သက်လို့ အနှစ်(၃၀)မြေဂရန် မီးသတ်စခန်း တည်ဆောက်ဖို့၊

ကျွန်တော် အရန်သင့် မြို့နယ်ရပ်မိရပ်ဖများနဲ့ ဌာနဆိုင်ရာများနဲ့ ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ထားရှိတာလည်း အဆင်သင့် ရှိတယ်ဆိုတဲ့ အကြောင်းလည်း တင်ပြလိုပါတယ်။

အထူးသဖြင့် တင်ပြလိုတာက မီးသတ်ကားများကိုလည်း အခုလို ချပေးတဲ့အတွက် ဝန်ထမ်းများတိုးချဲ့ ဖွဲ့စည်းပြီးတော့ ဖွဲ့စည်းပုံအရ အခုလို ချပေးတာကများစွာ ဂုဏ်ယူပြီးတော့မှ တစ်ဖက်မှာလိုနေသေးတဲ့ နေထိုင်ရာ ဝန်ထမ်းများအဆောက်အဦနဲ့ ပတ်သက် ပြီးတော့မှ ကျွန်တော်တို့ အခက်အခဲ ရှိနေသေးပါတယ်ဆိုတဲ့အကြောင်းကို ဆက်လက်တင်ပြလိုပါတယ်။ လက်ရှိအနေအထားမှာ အခုတင်ပြသွားတဲ့ အဆောင် (၂၄)ပေရှိ ပေ (၂၀)အကျယ် (၁၁)ပေ အမြင့် အဆောက်အအုံထဲမှာပဲ ကျွန်တော်တို့ အခုရောက်ရှိလာတဲ့ ဝန်ထမ်းများကို အဖြေရှာပြီးတော့မှ နည်းလမ်းရှာပြီးတော့ သင့်တော်တဲ့ နည်းလမ်းနဲ့ အိမ်ထောင်စု မိသားစုဖြစ်တဲ့အတွက်ကြောင့် သူတို့နေရာထိုင်ခင်းနဲ့ ပတ်သက်ပြီးတော့မှ အခက်အခဲရှိတဲ့ဟာကို အထူးသဖြင့် မီးမောင်းထိုးပြ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လာမယ့် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ ဝန်ထမ်းများ နေထိုင်ဖို့ရာ အဆောက်အအုံ ခွင့်ပြုမိန့်ကို ချပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိကို ကျွန်တော်တို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြည်သူများကိုယ်စား အထက်ဖော်ပြပါ မေးခွန်းများကို လေးစားစွာ မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဟိုတယ်သစ်များအား အရက်ရောင်းချခွင့်လိုင်စင် ချပေးခြင်း/ ချမပေးခြင်း အား အသေးစိတ် လေ့လာတွက်ချက်၍ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြ မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ ဟိုတယ်သစ်များကို အရက်ရောင်းချခွင့်လိုင်စင် ချပေးခြင်း/ မချပေးခြင်းကို အသေးစိတ် လေ့လာတွက်ချက်ပြီးမှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်း ဖြစ်ပေါ်လာတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့နိုင်ငံဟာ ပွင့်လင်းလာတဲ့အညီ သန်းချီတဲ့ ကမ္ဘာလှည့်ခရီးသွားတွေဟာ မြန်မာနိုင်ငံကို လာရောက်လှည့်ပတ်ကြတဲ့အခါမှာ ဟိုတယ်သစ်တွေ လိုအပ်ချက်ဟာလည်း အလျင်အမြန် လိုအပ်လာတဲ့အတွက် ဒီဈေးကွက်ကို ဖြည့်ဆည်းတဲ့အနေနဲ့ ဟိုတယ်သစ်တွေကလည်း အများအပြား တည်ဆောက်လာကြပါတယ်။ ဒါပေမဲ့ ဒီဟိုတယ်သစ်တွေမှာ နိုင်ငံခြားသားတွေ လာရောက်တည်းခိုတဲ့အခါမှာ သူတို့ အရက်ရောင်းချခွင့် လိုင်စင်ကို သူတို့ ဝယ်တဲ့အခါမှာ လက်ရှိ ရှိပြီးသား လူတွေဆီကနေ ဈေးကြီးပေးပြီးတော့ တစ်ဆင့်ခံ ဝယ်နေရတယ်လို့

သိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသစ်ချမပေးဘူးလို့ သိရပါတယ်။ အသစ်ချမပေးတာဟာ အရက်သေစာ သောက်စားမှု နည်းလာအောင်၊ ဒါကြောင့်မို့လို့ အရက်လိုင်စင်ကို အသစ်ချမပေး တာလို့ သိရပါတယ်။ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ဗုဒ္ဓသာသာနိကဌာနတွေ အနီးမှာတော့ အရက်ရောင်းချခွင့် လိုင်စင် ပိတ်ပင်တာ ကောင်းပါတယ်။ ချပြီးသားရှိရင်လည်း ဒါတွေကို ပယ်သင့် ပါတယ်။ ခုကတော့ ချပြီးသွားရင် တစ်သက်လုံး ဒုစရိုက်လုပ်ငန်း လုပ်ခွင့်ရ သွားသလို ဖြစ်နေတာ လည်း မသင့်ပါဘူး။ ပိတ်သင့်ရင်တော့ ပြန်ပိတ်သင့်ပါတယ်။ သို့သော်လည်း ဟိုတယ်သစ်တွေ တည်ဆောက်လာတဲ့အခါမှာတော့ ရောင်းချခွင့်လိုင်စင်အသစ် ချမပေးရဘူး ဆိုရင်တော့ ဒါ မသင့်လျော်ပါဘူး။ ဟိုတယ်တွေကို လိုင်စင်ချပေးတာက ဝင်လာတဲ့ သန်းချီရှိတဲ့ နိုင်ငံခြားသားတွေကို ကျွန်တော်တို့က ပစ်မှတ်ထားပြီးတော့ ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် လိုင်စင်ကြေးကိုလည်း တစ်လကို(၂)သိန်းနဲ့ တစ်နှစ်ကို (၂၄)သိန်း အစိုးရက ရရှိတာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် မန္တလေးမှာဆိုရင် ဟန်းနားဘား လို့ခေါ်တဲ့ နိုင်ငံခြားက လာဖွင့်တဲ့ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံသားတွေ လာဖွင့်တဲ့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေကို ရည်ရွယ်တဲ့ စားသောက်ဆိုင်တစ်ခု ရှိပါတယ်။ အဲဒီမှာ လိုင်စင်မရှိတဲ့ အခါကျတော့ ဝင်ဖမ်းတဲ့အခါမှာ ပိတ်လိုက်ရပါတယ်။ သူတို့ဟာ မြန်မာပြည်က ဘာမှန်းလဲမသိဘူးဗျာလို့ သူတို့က ပြောသွားပါတယ်။ ပိတ်သင့်တာကို ပိတ်ပါ။ ဘုရားကျောင်းကန်နားမှာ ဥပမာ ဘုရားကြီးနားမှာဆို ဘီယာဆိုင် (၁၀)ဆိုင်မက ရှိပါတယ်။ ဒါတွေကိုဆို သင့်လျော်၏၊ မသင့်လျော်၏ ဒါ စဥ်းစားရမှာ ဖြစ်ပါတယ်။ ဟိုတယ်တွေကိုတော့ အရက်လိုင်စင်ချပေးတာကတော့ ဆတိုးဝင်လာမယ့်နိုင်ငံခြားသား တွေဆီက ငွေ သဲ့ယူရမယ့်အချိန်မှာ နောက်ကို လာချင်စိတ် မရှိအောင် လုပ်သလို ဖြစ်နေမယ်လို့ ကျွန်တော်က ယူဆပါတယ်။ ခရီးသွားလုပ်ငန်းဟာ ခရီးသည် အိတ်ကပ်ထဲက ပိုက်ဆံကို နှိုက်ယူဖို့ဟာ လိုအပ်တဲ့ ဝန်ဆောင်မှုတွေ ပေးတဲ့နေရာမှာ အရက်လိုင်စင်ဟာလည်း အရေးပါတဲ့ လိုင်စင်တစ်ခု ဖြစ်ပါတယ်။ တိုင်းဒေသကြီး အဆင့်ကနေ (၆)လတစ်ကြိမ်ဖြစ်စေ ကြပ်မတ်ပြီးတော့ ချပေးလို့ ရရင်လည်း ချပေး၊ ပိတ်သင့်တာကိုလည်း ပိတ် ဒီလို ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါ မေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး (၄)ဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းများအပေါ် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်

ကျော်ဇံမြင့် က ပြန်လည် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညိုထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဦးစွာရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှု အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လူဦးရေ သိပ်သည်းမှု မှုခင်း ဖြစ်ပွားမှုနဲ့ တရားဥပဒေ စိုးမိုးလွှမ်းခြုံနိုင်မှု အခြေအနေများပေါ် မူတည်ပြီးတော့ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းနဲ့၊ ရဲကင်း ရဲစခန်း များကို တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက်ကို ဦးစားပေး အစီအစဥ်များဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်အတွင်းမှာရှိတဲ့ တောင်ဖီလာ၊ တန်းတင်၊ မွှားနှင့် နွားရုံတောင် စတဲ့ ကျေးရွာအုပ်စု (၄)အုပ်စု ပါဝင်တဲ့ နယ်မြေအတွင်းမှာ ကျေးရွာပေါင်း (၃၀)ရှိကာ (၁၀၆.၂၁)စတုရန်းမိုင် ကျယ်ဝန်းကြောင်း စိစစ်တွေ့ရှိရပါတယ်။ လူဦးရေ ကျား (၆၅၈၈)ဦး၊ မ(၇၀၁၉)ဦး စုစုပေါင်း (၁၃၆၀၇)ဦး နေထိုင်လျက်ရှိပါတယ်။ မင်းတက်ကျေးရွာဟာ တောင်ဖီလာ ကျေးရွာအုပ်စုမှာ ပါဝင်တဲ့ ကျေးရွာ (၁)ရွာဖြစ်ပြီးတော့ လူဦးရေ ကျား (၆၄၄)ဦး၊ မ (၈၇၀)ဦး စုစုပေါင်း (၁၅၁၄)ဦးတို့ နေထိုင်လျက်ရှိပါတယ်။ အများစုမှာ ရခိုင်လူမျိုးများ ဖြစ်ပြီးတော့ တောင်ယာလုပ်ငန်းနဲ့ ရေလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းများ ပြုကြပါတယ်။ မင်းတက်ကျေးရွာရဲ့ မြောက်ဘက်ကုန်းမိုင် (၄)မိုင် (၄)ဖာလုံ ရေမိုင် (၆)မိုင်ခန့် အကွာမှာ တပ်တောင် နယ်မြေရဲစခန်း၊ အရှေ့တောင်ဘက် (၁၃)မိုင်ခန့်အကွာ မွှားကျေးရွာအုပ်စု၊ တလိုင်းတောင်ကျေးရွာမှာ လှုပ်ရှားရဲကင်းတစ်ခုနဲ့ အနောက်တောင်ဘက် ရေမိုင်(၂၀)အကွာမှာရှိတဲ့ ကျောက်မြောင်းကျေးရွာမှာ ရဲကင်းစခန်း (၁)ခုတို့ တည်ရှိပြီးတော့ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေ စိုးမိုးရေး တာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။ ရဲစခန်း ဖွင့်လှစ်ရန် တင်ပြထားတဲ့ ကျေးရွာအုပ်စု (၄)အုပ်စုအတွင်း မှုခင်းဖြစ်ပွားမှုများကို စိစစ်တဲ့အခါမှာ ၂၀၁၁ ခုနှစ်အတွင်းမှာ အမှုကြီး (၁)မှု၊ အခြားအမှု (၅)မှု၊ ကြိုတင်ကာကွယ်မှု (၈)မှု၊ ၂၀၁၂ ခုနှစ်အတွင်းမှာ အမှုကြီး (၂)မှု၊ အခြားအမှု (၁)မှု၊ ကြိုတင်ကာကွယ်မှု (၁၆)မှု၊ ၂၀၁၃ ခုနှစ်အတွင်းမှာ အမှုကြီး (၃)မှု၊ အခြားအမှု (၆)မှု၊ ကြိုတင်ကာကွယ်မှု (၁၁)မှု၊ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့အထိ အမှုကြီး (၃)မှု အခြားအမှုမရှိ ၊ ကြိုတင်ကာကွယ်မှု (၅)မှု ဖြစ်ပွားခဲ့ပါတယ်။ အမ်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု (၂၉)အုပ်စုရဲ့ မှုခင်းဖြစ်ပွားမှု အခြေအနေများကို နှိုင်းယှဥ်ကြည့်ပါက ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ (၄)နှစ်တာ ကာလအတွင်း အမှုကြီး (၄၀)မှုမှာ အဆိုပါ ကျေးရွာအုပ်စု (၄)အုပ်စု၌ (၉)မှု အခြားအမှု (၂၄၇)မှုမှာ (၁၂)မှုနဲ့ ကြိုတင်ကာကွယ်မှု (၄၃၆)မှုမှာ (၄၀)မှုတို့ ဖြစ်ပွားခဲ့တဲ့အတွက် တင်ပြပါကျေးရွာအုပ်စု (၄)အုပ်စုရဲ့ မှုခင်းဖြစ်ပွားမှုဟာ နည်းပါး ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်းမှာရှိတဲ့ တောင်ဖီလာ၊ တန်းတင်၊ မွှားနှင့် နွားရုံတောင် စသည့်ကျေးရွာအုပ်စု (၄)အုပ်စု ပါဝင်တဲ့ နယ်မြေဟာ မှုခင်းဖြစ်ပွားမှု နည်းပါးခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် တပ်တောင်နယ်မြေရဲစခန်း၊ ကျောက်မြောင်းရဲစခန်းနဲ့ တလိုင်းတောင်ရဲကင်းတို့က နေပြီးတော့ လှည့်ကင်း၊ ပတ်ကင်း များဖြင့် နယ်မြေစိုးမိုးရေးကို ဆောင်ရွက်ပေးနိုင်တဲ့အတွက်ကြောင့် မင်းတက်ကျေးရွာမှာ ရဲစခန်း တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဥ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်ကျွန်တော်က ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ မှာ နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၃၄၉ မှာ နိုင်ငံသား များသည် ပြည်သူ့တာဝန်ထမ်းဆောင်မှု၊ အလုပ် လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ် ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းပြုမှု၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ် လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ရာမှာ တူညီသော အခွင့်အလမ်းများ ရရှိစေရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ခြံမြေ အရောင်းအဝယ် ဈေးကွက်ကြီးထွားလာပြီး ဈေးနှုန်းများ မြင့်တက်နေခြင်းနဲ့ ပတ်သက်၍ အခြားခိုင်မာသော စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင် လာပါက အိမ်ခြံမြေဈေးကွက်၌ ဈေးကစားခြင်းဟာ လျော့နည်းသွားနိုင်ပါတယ်။

သာမန်အားဖြင့် အိမ်ခြံမြေရောင်းဝယ်လုပ်ကိုင်နေသော နိုင်ငံသားများနဲ့ပတ်သက်၍ အရေးယူတဲ့ ဥပဒေပြဋ္ဌာန်းထားခြင်း မရှိကြောင်း တွေ့ရပါတယ်။ တည်ဆဲဥပဒေများမှာ နိုင်ငံသား တစ်ဦးရဲ့ အိမ်ခြံမြေပိုင်ဆိုင်မှု အရေအတွက်ကိုလည်း ကန့်သတ်ထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ အိမ်ခြံမြေ ရောင်းဝယ်နေသူများဟာ ရင်းနှီးလုပ်ကိုင်ကြတဲ့ ငွေကြေးမှာ တရားဝင်ငွေများ ဖြစ်ပြီး ၎င်းတို့ရရှိတဲ့ အမြတ်အစွန်းငွေများအပေါ် ဝင်ငွေခွန်ဥပဒေနဲ့အညီ အခွန်ပေးဆောင်ထားပါက အဆိုပါ အိမ်ခြံမြေ ရောင်းဝယ်သူများကို အရေးယူဆောင်ရွက်နိုင်မည် မဟုတ်ပါ။ သို့သော်လည်း တရားမဝင်သော နည်းလမ်းဖြင့် ရရှိသော ငွေကြေးကိုအသုံးပြု၍ အိမ်ခြံမြေများဝယ်ယူခြင်း၊ အိမ်ခြံမြေ ရောင်းဝယ် ရာတွင် ပေးဆောင်ရမည့် ဝင်ငွေခွန်များအား တိမ်းရှောင်ခြင်း၊ နိုင်ငံတော်ရဲ့ဘောဂဗေဒ၊ ဘဏ္ဍာရေး ဆောင်ရွက်ချက်နဲ့ စီမံချက်များကို ထိခိုက်စေရန် ကြံရွယ်ပြုလုပ်ခြင်းတို့ကို ကျူးလွန်ပါက အဆိုပါ အိမ်ခြံမြေ ရောင်းဝယ်သူများကို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အိမ်ခြံမြေများကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသောငွေကြေးများဖြင့် အများအပြား ဝယ်ယူ၍ဈေးကစားနေကြောင်း၊ ပေးဆောင်ရမည့်ဝင်ငွေခွန်များကို တိမ်းရှောင်နေကြောင်း သတင်း များ အရ စုံစမ်းစစ်ဆေးရေးအဖွဲ့များမှ စုံစမ်းစစ်ဆေးပေါ်ပေါက်ပါက ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့်လည်းကောင်း၊ ၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေဖြင့်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဝင်ငွေခွန် ဥပဒေတို့ဖြင့်လည်းကောင်း ၎င်းတို့ပြစ်မှုကျူးလွန်သည့် အခြေအနေပေါ် မူတည်၍ အရေးယူဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅(င)၌ အခွန်တိမ်းရှောင်မှုနှင့် အခြားအခွန်ဆိုင်ရာမှုခင်းများနှင့် သက်ဆိုင်သည့်ပြစ်မှုများ၊ ပုဒ်မ ၅(ဈ)၌ နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အနည်းဆုံးထောင်ဒဏ်တစ်နှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်ရပ်ရပ် (မူလကျူးလွန်သည့်ပြစ်မှုများ) ကို ကျူးလွန်ရာမှ ရရှိသောငွေကြေးနှင့် ပစ္စည်းများအားအသွင်ပြောင်း ဖုံးကွယ်၍ ငွေကြေးခဝါချမှုပြုလုပ်ပါက အဆိုပါ ဥပဒေပုဒ်မ ၄၃ နဲ့ အရေးယူနိုင်ပါတယ်။ ပုဒ်မ ၄၃ တွင် မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ

ကို(၁၀)နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်ဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်း ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်း(၅၀၀) အထိ ငွေဒဏ်ချမှတ်ရမှာ ဖြစ်ပါတယ်။ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား ထောင်ဒဏ်(၇)နှစ်အထိ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားတဲ့အတွက် တရားမဝင်ငွေကြေးများကို အသုံးပြု၍ အိမ်ခြံမြေကစား သူများကို အဆိုပါပုဒ်မဖြင့်လည်း အရေးယူဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ဇ)၌ နိုင်ငံတော်ရဲ့ ဘောဂဗလ၌ သော်လည်းကောင်း၊ အစိုးရချေးယူငွေ၌သော်လည်းကောင်း၊ အစိုးရရဲ့အာမခံ၌သော်လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံတစ်ဝန်းလုံး၌ဖြစ်စေ၊ တစ်စိတ်တစ်ဒေသ၌ဖြစ်စေ၊ တရားဝင်ငွေစက္ကူ၌သော်လည်း ကောင်း၊ ဒင်္ဂါး၌သော်လည်းကောင်း၊ ပြည်သူတို့၏အယုံအကြည်ပျက်ပြားစေရန် သို့တည်းမဟုတ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်စိမ့်သောငှာ အစိုးရကပြုလုပ်သော ဘဏ္ဍာရေးဆောင်ရွက်ချက် အောင်မြင်မှုကိုဖြစ်စေ၊ စီမံချက်အောင်မြင်မှုကိုဖြစ်စေ ထိခိုက်စေရန် ကြံရွယ်၍ တစ်ခုခုပြုလုပ်လျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကို ပြုလုပ်လျှင် ထိုသူအား (၇)နှစ်အထိ ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော် လည်းကောင်း၊ နှစ်ရပ်စလုံးကိုသော် လည်းကောင်း ထိုက်သင့်စေရမည်ဟု ပြဋ္ဌာန်းထားတဲ့အတွက် အိမ်ခြံမြေဈေး ကစားသူများကို အဆိုပါ ဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

ထို့အပြင် ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၃ ၌ မည်သူမဆို မြေနှင့်အဆောက်အဦ တစ်ခုခုကိုရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလုပ်၍ မိမိရရှိသည့် အမြတ်အစွန်း ငွေအတွက် အခြေပစ္စည်းမှအမြတ်အစွန်းငွေ ခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၁၄ ၌ မည်သူမဆို မိမိမည်ကဲ့သို့ ရရှိသည်ကို အတိအကျမဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှု မှလွတ်ကင်းနေသောဝင်ငွေ ခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး သို့မဟုတ် ငွေအပေါ်တွင် အခွန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားတဲ့အတွက် အိမ်ခြံမြေဈေးကစား ရောင်း/ဝယ်မှုများ အပေါ် ဝင်ငွေခွန်ဥပဒေအရလည်း စိစစ်အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

အိမ်ခြံမြေမြေကွက်များအား ပါမစ်ချထားပေးရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများ၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် သီးခြားတာဝန်ပေးအပ်ခြင်းခံရတဲ့ အိမ်ရာမြေချထားရေးအဖွဲ့များမှ အငြိမ်းစားများ အပါအဝင် ဝန်ထမ်းများနှင့် အိမ်ရာမြေစီမံကိန်းအရ ပြောင်းရွှေ့ပေးသူများအား နေရာချထား ပေးခြင်း ဖြစ်ပါတယ်။ မြေကွက်များချထားပေးရာတွင် အချို့မှာအိမ်ရာ ဆောက်လုပ် နေထိုင်ကြသော်လည်း အချို့မှာ ငွေကြေးအခက်အခဲအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့၏ သဘော ဆန္ဒအရ ပြန်လည် ရောင်းချခြင်းများလည်းရှိပါတယ်။ ထိုသို့ပြန်လည်ရောင်းချရာမှာ ၎င်းတို့ တရားဝင် ပိုင်ဆိုင်ခွင့် ရရှိထားသော ပုဂ္ဂလိကပိုင် ခြံမြေအဆောက်အဦများကို ကိုယ်ပိုင်သဘောဖြင့်၊ ဆန္ဒဖြင့် လွတ်လပ်စွာ ရောင်းချကြခြင်းဖြစ်သဖြင့် မူလမြေကွက်ချထားပေးစဉ်က ကန့်သတ်ချက်များကို ဖောက်ဖျက်ခြင်းမရှိလျှင် အရေးယူဆောင်ရွက်ရန် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်ဟာ မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၃၁)အုပ်စု၊ ကျေးရွာပေါင်း(၅၉)ရွာနဲ့ ဖွဲ့စည်းထားရှိပြီး အိမ်ခြေ(၁၅၀၆၇)လုံး၊ အိမ်ထောင်စု(၁၉၆၁၈)စု၊ လူဦးရေ ပေါင်း(၁၀၅၅၁၃)ဦး၊ ဌာနဆိုင်ရာ အဆောက်အဦ (၃၀)လုံးတို့ရှိပါတယ်။ (၁၀)နှစ်အတွင်း မီးလောင်မှု (၂၃)ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး (၂၈၉၄၃၅၀၀)ကျပ်ခန့် ရှိပါတယ်။

ယခင်က ဝိုင်းမော်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်ချမ်းသာဘုရားအနီး ကွင်းအမှတ်(၁၂)၊ ဦးပိုင်အမှတ်(၄၇/၃)၊ မြေကွက်အကျယ်(၀.၁၄၀)ဧကရှိ (၄၄×၂၀ပေ) သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း အဆောက်အဦမှာ အရန်မီးသတ်စခန်းဖွင့်လှစ်၍ မြို့နယ်ရဲ့မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေး လုပ်ငန်းများကို အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိပါတယ်။ ၂၆-၁၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၁၃) အရ ဝိုင်းမော်မြို့နယ်အတွင်း ဦးစီးအရာရှိ ဦးစီးအင်အား(၉)ဦးပါဝင်တဲ့ မြို့နယ်မီးသတ်ဦးစီးမှူးရုံး(၁)ရုံးနဲ့ ဒုတိယမီးသတ်ဦးစီးအင်အား(၂၈)ဦး၊ မီးသတ်ယာဉ်မျိုးစုံ(၄)စီးပါဝင်တဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း (၁)ခုတို့ဖြင့် တာဝန်ချထားနိုင်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံခွင့်ပြုချက်အရ လက်ထောင်မီးသတ်ဦးစီးမှူး(၁)ဦး၊ မီးသတ်တပ်ကြပ်ကြီး(၁)ဦး၊ မီးသတ်တပ်သား(၅)ဦး၊ စုစုပေါင်း တပ်ဖွဲ့ဝင်(၇)ဦး ခန့်အပ်တာဝန်ပေးအပ်ကာ မြို့နယ်မီးသတ်စခန်းအား မူလအရန်မီးသတ်စခန်း နေရာတွင် ယာယီဖွင့်လှစ်ထားရှိပါတယ်။ အဆိုပါ မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနဲ့ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် (၅၁၀)ဦးတို့ဖြင့် ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ ဒေသပိုင်ရေသယ်ယာဉ်(၁)စီးတို့ဖြင့် ဝိုင်းမော်မြို့ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီရဲ့ ၂၈-၁၁-၂၀၁၃ ရက်စွဲပါ (၂၁/၂၀၁၃) အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ ကွပ်ကဲမှု အောက်မှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်မီးသတ်ဦးစီးဌာနရဲ့ အရအသုံးစာရင်းများကို ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရဘဏ္ဍာရန်ပုံငွေစာရင်းကို ထည့်သွင်းရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဝိုင်းမော်မြို့နယ် မီးသတ်စခန်းနဲ့ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက်ကို ၅-၁၂-၂၀၁၃ ရက်နေ့က ကချင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ငွေလုံးငွေရင်း အသုံးစရိတ်တင်ပြတောင်းခံသော်လည်း ရန်ပုံငွေရရှိခြင်းမရှိတဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးနိုင်ခြင်းမရှိပါ။

ဝိုင်းမော်မြို့နယ် မီးသတ်စခန်းအား ဖွဲ့စည်းပုံနှင့်အညီ ဆောက်လုပ်နိုင်ရန်အတွက် အမှတ်(၂)ရပ်ကွက်၊ ဦးပိုင်အမှတ်(၅၉)ရှိ မြေဧရိယာ(၀.၄၇၃)ဧကကို ၇-၃-၂၀၁၄ ရက်နေ့မှာ နှစ်(၃၀) မြေငှားဂရန် ရရှိပြီးဖြစ်ပါတယ်။ အဆိုပါမြေနေရာမှာ မြို့နယ်မီးသတ်စခန်း အဆောက်အဦ(၁)လုံးနဲ့ (၄)ခန်းတွဲ(၂)ထပ် ဝန်ထမ်းနေအိမ်(၁)လုံးတို့အား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးရန်အတွက် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ ကချင်ပြည်နယ် အစိုးရအဖွဲ့သို့ ဘဏ္ဍာငွေတင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော်ဆက်လက် ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ ယစ်မျိုးစီမံခန့်ခွဲခြင်း လုပ်ငန်း ကို ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးဥပဒေ၊ ၁၉၁၇ ခုနှစ် ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့် ကြော်ငြာစာ၊ ၁၉၂၈ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ၊ ၁၉၂၉ ခုနှစ် ယစ်မျိုး ညွှန်ကြားချက် တို့ဖြင့် ကိုင်တွယ်ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၂၉ ခုနှစ် မြန်မာနိုင်ငံတော် ယစ်မျိုးအမိန့် ဆင့်ဆို ချက်များအရ ယစ်မျိုးမူဝါဒ(၃)ရပ်ကိုလည်း ချမှတ်ဆောင်ရွက်ထားရှိပါတယ်။ ဒီမူဝါဒ(၃)ရပ် ကတော့ အရက်သေစာသောက်စားခြင်း အလေ့အထကို ပျံ့ပွားခြင်းကို အားပေးခြင်း မရှိစေရန်၊ သေရည်သေရက် ရောင်းချရာမှာ တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုများမရှိစေဘဲ အရက်များပေါ်မှာ အခွန်ကြီးမြင့်နိုင် သမျှ ကြီးမြင့် ကောက်ခံရန်၊ မူးယစ်စေသောသေရည်သေရက်ကို ရောင်းချခြင်းမှာ အခွန်ငွေရရှိရန် အလို့ငှာမဟုတ်ဘဲ ၎င်းတို့ကိုသောက်စား သုံးစွဲခြင်းခေါင်းပါးစေရန်၊ သေရည် သေရက် ရောင်းချခြင်းကို အခွန်ကောက်ခံရမည်ဟု နှလုံးသွင်းရမည်ဟု ဖော်ပြထားရှိပါတယ်။

ထိုနည်းတူစွာပဲ ယစ်မျိုး အခြေခံမူ(၄)ရပ်ကိုလည်း ချမှတ်ထားရှိပါတယ်။ ဒီအခြေခံမူ (၄)ရပ်ကတော့ ပေါင်းဖိုဖြင့်ချက်လုပ်ခြင်းကို ဖြစ်နိုင်သမျှဖျက်သိမ်းစေရန်၊ ဗဟိုအရက်ချက်စက်ရုံ တည်ထောင်ချက်လုပ်ခြင်းကို တဖြည်းဖြည်းအားပေးသွားရန်၊ ပြည်တွင်းဖိုထွက် ချက်အရက်ပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှ ကြီးမြင့်ကောက်ခံရန်၊ သို့ရာတွင် ပြည်ပမှတင်သွင်းသော အရက်ထက် မများစေရန်၊ အရက်ဆိုင်အရေအတွက် ကန့်သတ်ထားရန် လို့ဖော်ပြထားရှိပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် သည် ဇယား(၂)တွင် ပါဝင်တဲ့ ယစ်မျိုးအခွန်နဲ့ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းခွင့်ရှိသည်ဟု ဖော်ပြ ထားရှိပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမယ့် အခွန်များနဲ့ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၄ ကို ရည်ညွှန်းသည့် ဇယား(၅)မှာလည်း ယစ်မျိုးအခွန် ပါဝင်သည်ဖြစ်ရာ ခေတ်ကာလ ဒေသအခြေအနေနှင့် ကိုက်ညီသော ယစ်မျိုးအခွန် နှုန်းထားများကိုလည်း တိုးမြှင့်ကောက်ခံလျက်ရှိပါတယ်။ ပြဋ္ဌာန်းထားရှိသော ယစ်မျိုးအခွန်များကို အပြည့်အဝကောက်ခံနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ယစ်မျိုးလိုင်စင်ခွန်များအား တိုးမြှင့်ကောက်ခံရေးနဲ့ စိစစ်ကြပ်မတ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်လျက်ရှိ ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံ ယစ်မျိုး နည်းဥပဒေ ၄ မှာ လိုင်စင်အမျိုးအစားပေါင်း(၄၁)မျိုး ပြဋ္ဌာန်းထားသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အမျိုးအစားပေါင်း(၂၈)မျိုးကိုသာ ခွင့်ပြုချက် ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ နှစ်စဉ် ယစ်မျိုးအစီအစဉ်အရ ခွင့်ပြုချက်များအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် (၄၁၃၀၃)ခုကိုသော်လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လိုင်စင် အရေအတွက် (၄၁၂၉၃)ခုကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လိုင်စင် အရေအတွက် (၄၁၂၁၀)ခုကိုလည်းကောင်း တစ်နှစ်ထက်တစ်နှစ် ယစ်မျိုးလိုင်စင် အရေအတွက်ကို လျှော့ချ၍ ခွင့်ပြုပေးလျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရတာဝန်ယူချိန်မှစ၍ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိတဲ့အတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသွားများ၊ ဧည့်သည်များ တိုးတက်များပြားလာတာနဲ့အညီ ဧည့်သည်များတည်းခိုရန် ဟိုတယ်များလည်း တိုးတက်များပြားလာခဲ့ပါတယ်။ ဟိုတယ်သဘော သဘာဝအရ ဧည့်သည်များကို ဝန်ဆောင်မှုပေးရန် ယမကာကောင်တာများ ထားရှိကြောင်း သိရှိရ ပါတယ်။ လက်ရှိအခြေအနေမှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဟိုတယ်ဖွင့်လှစ်ခွင့် လိုင်စင်ရယူထားတဲ့ ဟိုတယ်(၉၃၁)လုံး ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါဟိုတယ်(၉၃၁)လုံးအနက် ဟိုတယ်(၂၁၃)လုံးသာ ယစ်မျိုးလိုင်စင် ရယူထားရှိပြီး ဟိုတယ်(၇၁၈)လုံးမှာ ယစ်မျိုးလိုင်စင်ရယူထားခြင်းမရှိကြောင်း စိစစ် တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းလိုင်စင် ရယူဖွင့်လှစ်လျက်ရှိသော ဟိုတယ်များအနေနဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ဟိုတယ်ဖွင့်လှစ်ခွင့်ပြုကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များရဲ့ ထောက်ခံချက်တို့နဲ့အတူ ယစ်မျိုးလိုင်စင် လျှောက်ထားလာပါက နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor)ကို ဟိုတယ်ဥပစာအတွင်း တည်းခိုသူများနဲ့ အခြားခရီးသွားသူများ သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် ဟိုတယ်မန်နေဂျာ က ဆိုင်ဖွင့်လှစ်၍ လက်လီရောင်းချခွင့်လိုင်စင်(FL-15) သို့မဟုတ် နိုင်ငံခြားအရက်များကို ဟိုတယ်နှင့် နားနေခန်းဥပစာအတွင်းသောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် မန်နေဂျာက ကောင်တာဖွင့်လှစ်၍ လက်လီရောင်းချခွင့်လိုင်စင်(FL-17) တို့ကို ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ပေးသွား မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါရန် ပန်ကြားတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဒုတိယဝန်ကြီး ဖြေသွားတဲ့အထဲမှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ ဝင်ငွေခွန်ဥပဒေအပါအဝင် ဥပဒေတွေနဲ့ စိစစ်ပြီးတော့ ဒီမြေဈေးကစားတဲ့သူတွေကို အရေးယူ ဆောင်ရွက်နိုင်ပါတယ်လို့ ဖြေကြားသွားတာရှိပါတယ်။ အဲဒီတော့ ပြည်ထဲရေးဝန်ကြီး လက်အောက်မှာ ရှိတဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဒီလိုဥပဒေကြောင်း အရ စိစစ်ပြီးတော့ အရေးယူဆောင်ရွက်မှု ဘယ်နှစ်မှုရှိပါသလဲ။ ဆောင်ရွက်မယ့် အစီအစဉ်ရော ရှိပါသလား။ ဆောင်ရော ဆောင်ရွက်ပြီးပြီလားဆိုတဲ့ဟာ အဓိကအားဖြင့်တော့ပေါ့နော်။ ဆောင်ရွက် မယ့် အစီအမံတွေ ဘယ်လိုချမှတ်ထားသလဲဆိုတာကို သိချင်တဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးထံမှ တစ်ဆင့် မေးမြန်းအပ် ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဗိုလ်မှူးချုပ်ကျော်ဖံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျေးဇူးတင်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံမေးမြန်းတဲ့မေးခွန်းအပေါ် ကျွန်တော်ဖြေကြားရရင်တော့ ဒီအိမ်ခြံမြေဈေးကစားမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အရေးယူခဲ့တဲ့အမှုတွေ ရှိပါတယ်။ ရှိတဲ့အခါမှာ အမှုအရေအတွက်တော့ ကျွန်တော် အတိအကျ မသိပေမယ့် ဒီဥပမာသာဓကအနေနဲ့ ကျွန်တော်တို့ ဂျပန်နိုင်ငံကနေပြီးတော့ တိုကျိုမြို့က နိုင်ငံသားတစ်ဦးဟာ ကျွန်တော်တို့ နိုင်ငံမှာ အိမ်ခြံမြေရောင်းဝယ်ဖို့၊ ဒီဈေးကစားဖို့ကို ရည်ရွယ်ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ ကျွန်တော်တို့နိုင်ငံသားများနဲ့ အချို့သော အကျိုးဆောင်ကုမ္ပဏီတွေ၊ အချို့သော ဒီဈေးကွက်နဲ့ ပတ်သက်၍ အကြံပေးတဲ့ဥပဒေပညာရှင်တွေ သူတို့နဲ့ပူးပေါင်းပြီးတော့ နိုင်ငံအတွင်းမှာ အိမ်ခြံ တချို့ မြေဈေးကွက် ဈေးကစားမှုတွေ၊ အမြတ်တင်ရောင်းချမှုတွေ ပြုလုပ်တဲ့အတွက် ကျွန်တော်တို့ ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်တဲ့အခါမှာ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမှုစီရင်ပြီးဖြစ်သလို ဒီကျူးလွန်တဲ့သူများကိုလည်း စီရင်ချက်ချမှတ်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ ဈေးကစားတဲ့ ဝယ်ယူခဲ့တဲ့ အိမ်ခြံမြေတွေ၊ နောက် ကျွန်တော်တို့ အဆောက်အဦတွေ၊ နောက် သက်ဆိုင်ရာစိုက်ပျိုးမြေတွေ၊ နောက်သက်ဆိုင်တဲ့ ဒီဝယ်ယူထားတဲ့ပစ္စည်းတွေ အကုန်လုံးကို ကျွန်တော်တို့ နိုင်ငံပိုင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးလည်း ဖြစ်ပါတယ်။ နောက်ထပ် ကျွန်တော် ခုနက ဆွေးနွေးတင်ပြခဲ့တဲ့အထဲမှာ ပါပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အတွက်ကို ဒီအခွန်တိမ်းရှောင်ပြီးတော့ နိုင်ငံတော်ရဲ့ ဘောဂဗလဘဏ္ဍာရေး ဆောင်ရွက်ချက်များကို ထိခိုက်စေမယ့်ကိစ္စမျိုးဆိုရင် ကျွန်တော်တို့ နိုင်ငံတော်မှာထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများနဲ့ အရေးယူမှာဖြစ်ပါတယ်။ အဓိကတော့ ကျွန်တော်တို့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားခဲ့သလိုပဲ ကျွန်တော်တို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနဲ့ ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ တာဝန်ပေးထားတဲ့ အဖွဲ့အစည်းတွေကနေပြီးတော့ အဆင့်ဆင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၁:၁၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁:၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၈။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို

ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ / ၂၀၁၄ - ၄၉၃

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်

၁။ ပြည်သူ့လွှတ်တော်က ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ၁-၁၀-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည်ယင်းဥပဒေကြမ်းကို ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (၂) တွင် ပါရှိသော ၂၄ နာရီထက်ကျော်လွန်ပြီး(၁၅) ရက်ထက်မပိုစေသော ဆိုသည့်စကားရပ်ကို ပြည်သူ့လွှတ်တော်က (၁၅) ရက် တစ်ကြိမ်ထက် မပိုစေသော ဟု အစားထိုးပြင်ဆင် အတည်ပြုထားသည်ကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါပြင်ဆင်ချက်သည် ပြည်သူတို့အတွက် ကုစားမှုအခွင့် အရေးပိုမိုရရှိစေရန် ပြင်ဆင်ခြင်းဖြစ်သဖြင့် အရေးအသား ပိုမိုတိကျမှုရှိစေရန်အတွက် (၂၄) နာရီထက်ကျော်လွန်ပြီး စုစုပေါင်း (၁၅) ရက်ထက်မပိုစေသောဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း သဘောထားရရှိခဲ့ပါသည်။

(ခ) မူလဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၃) ခြွင်းချက်တွင် ပါရှိသော သုံးနှစ်ဆိုသည့် စကားရပ်ကို ပြည်သူ့လွှတ်တော်က တစ်နှစ်ဟု ပြင်ဆင်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်နှင့် ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည် ဟု ထင်မြင်သည့် သုံးနှစ်ထက် မပိုသော ကာလအတွင်း ထိုသူကို ကောင်းမွန်စွာ ကျင့်ကြံ နေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကိုချုပ်စေ ဟူသော စကားရပ်ကို ရာဇဝတ် တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည်ဟု ထင်မြင်သည့် တစ်နှစ်ထက် မပိုသော ကာလအတွင်း ထိုသူကောင်းမွန်စွာ ကျင့်ကြံ နေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကို ချုပ်စေ ဟုအစားထိုးပြင်ဆင်သင့်ကြောင်း၊ မူလဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော နှစ်နှစ် ဆိုသည့် စကားရပ်ကို တစ်နှစ်

ဟု ပြင်ဆင်သင့်ကြောင်းနှင့် ပြောင်းလဲသွားသော အမှတ်စဉ်များကို ပြန်လည်စိစစ်သင့်ကြောင်းတို့ကို လေ့လာတွေ့ရှိ ရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန် တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၉-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ် ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီ စောင့်ရှောက်မှု အစီရင်ခံစာ(၅/၂၀၁၄)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီက ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီစောင့်ရှောက်မှု အစီရင်ခံစာ(၅/၂၀၁၄)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဗိုလ်မှူးမြင့်စိန် (အဖွဲ့ဝင်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ)**။ ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးအပ်ချက်အရ ကော်မတီ ရဲ့ ၅/၂၀၁၄ အစီရင်ခံစာအား လွှတ်တော်သို့ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီကို ၅-၈-၂၀၁၃ ရက်နေ့မှာ စတင်ဖွဲ့စည်းပေးခဲ့ပါတယ်။

၁၁-၉-၂၀၁၄ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် အစည်းအဝေး ပထမနေ့တွင် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဆိုပြီးတော့ အမည်ပြောင်းလဲ သတ်မှတ်အတည်ပြုခဲ့ပါတယ်။ ကော်မတီဟာ စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ နိုင်ငံအတွင်း ဒေသ အသီးသီးမှာရှိတဲ့ ကူညီမှုလိုအပ်လျက်ရှိတဲ့နေရာများကို သွားရောက်ဖြည့်ဆည်း ကူညီ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒီလိုကူညီဆောင်ရွက်ရာမှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်ကို ခံယူပြီး ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒေသခံ ကိုယ်စားလှယ်များနှင့်အတူ ကူညီဆောင်ရွက်မှုများကို လုပ်ဆောင်လျက် ရှိပါတယ်။ ယခုဒီအစီရင်ခံစာကတော့ ကော်မတီရဲ့ ၅/၂၀၁၄ အစီရင်ခံစာဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို လွှတ်တော်သို့ တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မျက်စိခွဲစိတ်ကုသမှု နဲ့ ပတ်သက်ပြီး တင်ပြသွားပါမယ်။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဟာ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်နဲ့ မင်္ဂလာဒုံမြို့နယ် အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင် (၈၁၉၉)ဦး တို့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်မှ (၂၀)ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်၍ ဆရာဝန် (၂၀)ဦးတို့မှ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြတ်လေးလမ်း၊ တိပိဋကပုလဲရောင်ရှိန် စာသင်တိုက် အတွင်းမှာရှိတဲ့ တိပိဋကစကျွပါလဆေးခန်းမှာ ဆေးဝါးကုသမှု ပြုလုပ်ပေးခဲ့ပါတယ်။ ဒီလိုဆေးဝါး ကုသမှုပြုလုပ်ပေးတဲ့အခါမှာ စမ်းသပ်ခံလူနာပေါင်း (၈၁၉၉)ဦး နဲ့ မျက်စိခွဲစိပ်ခံ လူနာပေါင်းက (၇၅၃)ဦးဖြစ်ပြီး မျက်မှန်တပ်ဆင်သူလူနာပေါင်း(၃၀၆၁)ဦး၊ ဆေးမျက်စဥ်းခတ် လူနာပေါင်း (၂၁၅၁)ဦး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်း၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ မျက်စိဝေဒနာရှင်များ တက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားမှာ ရှေးဦးစွာ (၁၁)ပါးမြောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက တိပိဋကပုလဲ ရောင်ရှိန် စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလပါလက မျက်စိအလင်းအလှူပွဲနှင့် စပ်လျဉ်းပြီး ဩဝါဒစကားမြွက်ကြားခဲ့ပါတယ်။ ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းက မျက်စိအလင်းရောင်ချို့တဲ့သူများအား မျက်စိအလင်း ရရှိရေး အတွက် ယခုကဲ့သို့ ကြီးကျယ်သည့် အခမ်းအနားဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့အခမ်းအနားမျိုး ဆက်လက်ဆောင်ရွက်နိုင်ပါရန် ဆုတောင်း ပါကြောင်း ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က ယခု အခမ်းအနားသည် အလွန်ကြီးကျယ်မြင့်မြတ်သည့် အလှူဒါနပွဲဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြစ်မြောက် အောင် ဆောင်ရွက်နိုင်ခြင်းကြောင့် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ မျက်စိအလင်းအလှူပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီနောက် မျက်စိဝေဒနာရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးမှ မျက်စိအလှူပွဲကျင်းပပေးခြင်း အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိတဲ့ လူနာများကို သွားရောက်ကြည့်ရှု အားပေးပြီး မျက်မှန်များတပ်ဆင်ပေးခြင်း၊ ဆေးဝါးများဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခမ်းအနားဟာ တိပိဋကစက္ခုပါလအဖွဲ့ရဲ့ (၁၅)ကြိမ်မြောက် မျက်စိအလင်းအလှူပွဲ ဖြစ်ပြီး အဆိုပါ မျက်စိအလင်းအလှူပွဲမှာ မျက်စိခွဲစိတ်ခန်းများ၊ အဲယားကွန်းတပ်ဆင်ခြင်းအတွက် သိန်း(၂၀၀၀)ခန့်၊ ပြည်ခိုင်ဖြိုးပါတီနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ်နှင့်လေးခရိုင်မှ လူနာများလာရန် ခရီးစရိတ်များအတွက် စုစုပေါင်းကျပ်သိန်း(၄၇၀)၊ (၅)ရက်အတွက် မျက်စိကု လူနာများ၊ အကူများနှင့် ဆရာဝန်များ၊ ဧည့်သည်များအတွက် ကျွေးမွေးစရိတ်စုစုပေါင်းကျပ် (၄၆၂)သိန်း၊ မျက်စိဆရာဝန်ကြီးများအား ဂါရဝပြုပစ္စည်းဝယ်ယူခြင်းအတွက် ကျပ်သိန်း(၂၀၀)ဖြစ်ပြီး စုစုပေါင်း ကုန်ကျစရိတ် (၃၁၃၂) သိန်း ကုန်ကျခဲ့ပြီး အဆိုပါကုန်ကျငွေများကို ကယ်ဆယ်ရေးနှင့် ကူညီ စောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမှ လှူဒါန်းမှုပြုခဲ့ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ်၊ ရေးမြို့နယ်နှင့်ကျိုက်မရောမြို့နယ်များအတွင်း ဆောင်ရွက်ခဲ့မှု များအားတင်ပြသွားပါမယ်။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ဦးဆောင်၍ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဗညားအောင်မိုး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း နှင့် ဦးမင်းလွန်းအောင် တို့ဟာ မွန်ပြည်နယ်ရေးမြို့နယ်ကို သွားရောက်ပြီးတော့ အ.ထ.က၊ အ.ထ.က(ခွဲ) ကျောင်းများသို့ ထောက်ပံ့ငွေ နှင့် သင်ထောက်ကူပစ္စည်းများကို ၂-၈-၂၀၁၄ ရက်နေ့မှာ ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ပေးအပ်လှူဒါန်းပွဲကို ရေးမြို့ အ.ထ.က(ခွဲ)ကျောင်း၊ အ.ထ.က (၁)၊ အ.ထ.က (၂) ကျောင်းခန်းမများမှာ ကျင်းပခဲ့ပါတယ်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး နှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း တို့က လှူဒါန်းရခြင်း နဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ ပါတယ်။ ထို့နောက် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီ

ဥက္ကဋ္ဌ၊ ဒေါက်တာခင်ရွှေ မှ မိမိတို့ကော်မတီမှ လှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကိုယ်စားလှယ်အချို့နှင့် မိမိတို့ဟာ ပါတီတူသူများမဟုတ်သော်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ ဆောင်ရွက်ကြကြောင်းနှင့် မိမိတို့သည် ပါတီ လူမျိုးခွဲရန်မလိုဘဲ ပူးပေါင်းလုပ်ဆောင်၍ ရကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ ရေးမြို့လှူဒါန်းမှုအနေနဲ့ မာရဒေဝီပညာရေးဖောင်ဒေးရှင်းသို့ ငွေကျပ်သိန်း (၂၀၀)၊ ရေးမြို့အ.ထ.က(ခွဲ)ကျောင်းသို့ တန်ဖိုးငွေ ကျပ်နှစ်သိန်းခွဲရှိ ဗလာစာအုပ်(၁၀၀၀)ဒါဇင်၊ ကွန်ပျူတာ(၂)လုံး၊ ပရင်တာ(၁)လုံး၊ စာသင်ခုံအလုံး (၅၀)၊ ဆရာ/ဆရာမ တစ်ဦးလျှင် ကျောင်းဝတ်စုံ (၂)စုံစီ၊ (၅၀)ဦးအတွက် တန်ဖိုးငွေကျပ်(၁၀)သိန်းနှင့် ကျောင်းရေချမ်းစင် တစ်ခုတည်ဆောက်ရန် ငွေကျပ်(၁၀)သိန်းတို့ကို လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် ရေးမြို့အ.ထ.က(၁) ကျောင်းမှာလည်း ကျောင်းရန်ပုံငွေအတွက် ငွေကျပ်သိန်း(၅၀)၊ ဆရာ/ဆရာမတစ်ဦးလျှင် ကျောင်းဝတ်စုံ(၂)စုံစီ၊ (၆၀)ဦးအတွက် တန်ဖိုးငွေ ကျပ်(၁၂)သိန်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း၊ ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူ (၁၇)ဦးအတွက် တစ်ဦးလျှင် ငွေကျပ်(၅) သောင်းနှုန်းဖြင့် (၈)သိန်းခွဲပေးအပ်ခဲ့ပြီး ကျောင်းရေချမ်းစင်တစ်ခုတည်ဆောက်ရန် ငွေကျပ်(၁၀)သိန်း အပြင် တန်ဖိုး ငွေကျပ် (၂)သိန်းခွဲရှိ ဗလာစာအုပ်(၁၀၀၀)ဒါဇင်၊ တန်ဖိုးငွေကျပ် (၁၆၀၇၈၀၀)ရှိ ကွန်ပျူတာ (၃)လုံး၊ ပရင်တာ (၂)လုံး၊ မိတ္တူကူးစက်(၂)လုံးတို့ကို လှူဒါန်းခဲ့ပါတယ်။ ဆက်လက်ပြီး အ.ထ.က (၂)ကျောင်းသို့ သွားရောက်ကာ ကျောင်းရန်ပုံငွေအတွက် သိန်း(၅၀)၊ ဆရာ/ဆရာမ တစ်ဦးလျှင် ကျောင်းဝတ်စုံ (၂)စုံစီ၊ (၄၆)ဦးအတွက် တန်ဖိုးငွေကျပ် (၉၂၀၀၀၀)၊ ကျောင်းစာသင်ခုံ အလုံးရေ (၅၀)အတွက် ကျပ်(၂၀)သိန်း၊ တန်ဖိုးငွေကျပ် (၁၅၂၀၀၀၀) တန်ဖိုးရှိ ကွန်ပျူတာ(၂)လုံး၊ ပရင်တာ(၁)လုံး တို့ကို လှူဒါန်းခဲ့ပြီး တန်ဖိုးငွေ ကျပ်(၁၂)သိန်း တန်ဖိုးရှိ အမိုးသွပ်(၃၈၀)ချပ် လှူဒါန်းပေးခဲ့ပါတယ်။

ဆက်လက်ပြီး ရေးမြို့ ရွှေဆံတော်စေတီသို့ သွားရောက်ဖူးမျှော်ပြီး ငွေကျပ်(၁၀)သိန်း လှူဒါန်းခဲ့ပါတယ်။ ရေးမြို့ ဘဒ္ဒန္တပုပ္ဖရမ္မရေးကိုယ်ရင်လေးဆရာတော်ကို သွားရောက်ဖူးမျှော်ပြီး ငွေကျပ်(၅၀)သိန်းအား လှူဒါန်းခဲ့ပါတယ်။ စေတီဘုရားတည်ထားကိုးကွယ်ရန်အတွက် တန်ဖိုးငွေကျပ်သိန်း(၆၀၀) တန်ဖိုးရှိ ဘိလပ်မြေအိတ်(၁)သောင်းကိုလည်း လှူဒါန်းခဲ့ပါတယ်။ ၃-၈-၂၀၁၄ ရက်နေ့မှာ ကျိုက်မရောမြို့သို့သွားရောက်၍ သုဝဏ္ဏဘူမိမြို့ဟောင်းတူးဖော်ရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း(၃၀၀)၊ အားကစားအတွက် ရန်ပုံငွေ ကျပ်သိန်း(၂၀၀)၊ မီးသဂြိုလ်စက်အတွက် ငွေကျပ် သိန်း(၅၀)၊ နှီးဒုံးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ရန်အတွက် ငွေကျပ်သိန်း(၆၀)၊ ကလိုင်းကနိုင်ကျေးရွာ ဆေးခန်းတည်ဆောက်ရန်ငွေကျပ်သိန်း(၆၀)၊ နှီးဒုံးကျေးရွာလမ်း ဖောက်လုပ်ရန်အတွက် ကျပ်သိန်း (၃၀၀)၊နှီးဒုံးကျေးရွာစာသင်ကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း(၁၀၀)၊ မြို့တော်ခန်းမ ပြုပြင်တည်ဆောက်ရေးအတွက် ငွေကျပ်သိန်း(၁၀၀)၊ ကျိုက်မရောမြို့ပေါ်မှာရှိတဲ့ အ.ထ.က ကျောင်း(၄)ကျောင်းအတွက် တစ်ကျောင်းလျှင် ကွန်ပျူတာ(၅)လုံး၊ ပရင်တာ(၁)လုံး စုစုပေါင်း ကွန်ပျူတာ အလုံး(၂၀)နှင့် ပရင်တာ (၄)လုံးအတွက် ငွေကျပ် (၈၀၆၃၆၀၀) တို့ကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ထို့နောက် ကျိုက်မရောဘုရားကြီး ဆရာတော်အား ငွေကျပ် (၅) သိန်းနှင့် ဝင်းစိန်တောရဆရာတော်ကြီးအား ငွေကျပ်သိန်း(၅၀)လှူဒါန်းခဲ့တဲ့အတွက် စုစုပေါင်း လှူဒါန်းငွေကတော့ (၂၄၂၅)သိန်း ဖြစ်ပြီး အဆိုပါလှူဒါန်းငွေကို ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လှူဒါန်းခဲ့ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်ခရီးစဉ်ကို တင်ပြပါမယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်း နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် တို့ဟာ မိမိတို့ရဲ့မဲဆန္ဒနယ်မြေအတွင်း လိုအပ်ချက်များကို ကူညီဖြေရှင်းပေးရန် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ထံသို့ တင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြချက်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ ဆက်လက် တင်ပြခဲ့တဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ဦးဆောင်ပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ နှင့် ကော်မတီဝင်များဟာ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ(၂၈)ရက် နံနက်မှာ နေပြည်တော်ကနေ ရှမ်းပြည်နယ်၊ ပင်းတယမြို့သို့ ကူညီထောက်ပံ့မှု များ ဆောင်ရွက်ရန် ထွက်ခွာခဲ့ကြပါတယ်။

ပင်းတယမြို့နယ်ကို (၁၂း၀၀) အချိန်မှာ ရောက်ရှိပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပါတယ်။ ထို့နောက် နေ့လယ်စာအား ကွန်ကွာရာ ဟိုတယ်မှာ စားသုံးပြီးတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဟာ နေ့လယ် (၁၃း၀၀) အချိန်တွင် ပင်းတယမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမမှာ ကျင်းပတဲ့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါအခမ်းအနားမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ လွှတ်တော်အနေဖြင့် ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းများနဲ့ လာရောက်လှူဒါန်းရတဲ့အကြောင်းတို့ကို အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။ အဲဒီနောက် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ ပင်းတယနဲ့ရွာင်ဒေသများအတွက် အလှူငွေများအား ဖတ်ကြားတင်ပြပြီး ယခုကဲ့သို့လှူဒါန်းရခြင်းအတွက် ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီနောက်အလှူငွေနဲ့စာအုပ်များပေးအပ်ခြင်းကို ဆက်လက်ဆောင်ရွက်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်မှ ပင်းတယမြို့နယ်အတွက်အလှူငွေကျပ်သိန်း(၂၀၀)ကို ပင်းတယမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြည် ထံသို့လည်းကောင်း၊ ရွာင်မြို့နယ်အတွက် အလှူငွေကျပ် သိန်း(၂၄၀)ကို ဒေါ်စုစုလှိုင် ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ဆက်လက်၍ ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာခင်ရွှေ မှ ဗလာစာအုပ်ဒါဇင် (၂၅၀)ကို ဦးဇော်ဝင်း ထံသို့လည်းကောင်း၊ ပင်းတယမြို့နယ်သာသနာ့နုဂ္ဂဟအသင်းအတွက် ကျပ်သိန်း (၅၀)ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် ထံသို့လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဝင် ဦးဝင်းမောင် မှ သိမ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း(၁၀၀)ကို ဦးရှုမောင်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။

အဲဒီနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင် က ယခုကဲ့သို့လာရောက်လှူဒါန်းသည့်အတွက် ဒေသခံများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ပါတယ်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ပင်းတယ တိုက်နယ်ဆေးရုံမှာ ဆေးကုသမှုခံယူလျက်ရှိတဲ့ လူနာများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး စေတနာကျန်းမာရေးဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်သိန်း(၅၀)ကို ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒေါက်တာခင်ရွှေ မှ တိုက်နယ်ဆရာဝန် ဒေါက်တာသိန်းမင်းထွန်း ထံကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် ပင်းတယမြို့နယ် သာသနာ့နုဂ္ဂဟ အသင်းတည်ထောင်ခြင်းနှင့် ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားမှာ သာသနာ့ နုဂ္ဂဟ(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင်၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ ဦးထူးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ထို့နောက် မြို့နယ် ဓမ္မာရုံအတွင်း သင်တန်းတက်ရောက်လျက်ရှိတဲ့ သင်တန်းသား၊ သင်တန်းသူများအား သွားရောက် ကြည့်ရှုပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မှ ဩဝါဒစကားပြောကြားခဲ့ပါတယ်။ အဲဒီနောက် ပင်းတယလိုဏ်ဂူဘုရားများကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေကျပ် (၃၅) သိန်းကို ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးကော်မတီကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှ ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ပါတယ်။

အဲဒီနောက် ပင်းတယလိုဏ်ဂူဘုရားကနေပြီးတော့ အေးသာယာဂေါက်ကလပ်ဟိုတယ်သို့ ထွက်ခွာခဲ့ပြီး ညပိုင်းမှာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂေါက်ကလပ်မှ ကြိုဆိုခဲ့ကြပါတယ်။ ညပိုင်းမှာ ညစာသုံးဆောင်ပြီးတော့ ဂေါက်ကလပ်ဟိုတယ်မှာပဲ ညအိပ်အခြေပြုခဲ့ပါတယ်။ ဆက်လက်ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဟာ ၂၉-၈-၂၀၁၄ ရက်နေ့ နံနက်(၀၈း၃၀) အချိန်တွင် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမမှာ ပြုလုပ်တဲ့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြပါတယ်။ အခမ်းအနားမှာ အမျိုးသားလွှတ်တော် ဦးခင်အောင်မြင့် ဥက္ကဋ္ဌကြီးမှ အဖွင့်အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ကူညီ စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လာရောက်လှူဒါန်းရခြင်း အကြောင်းများကို တင်ပြခဲ့ပါတယ်။

ဆက်လက်ပြီးတော့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ နန်းပြင်၊ ရေပူကျေးရွာ (၁၃) ရွာအတွက် အလှူငွေကျပ် (၂၀၄) သိန်းကို ဦးဘလျှော် ထံသို့လည်းကောင်း၊ ခင်တန်းအင်းရွာ (၁၀) ရွာအတွက် အလှူငွေ ကျပ် (၄၇) သိန်းကို ဦးတင်ထွန်း သို့လည်းကောင်း၊ တောင်စိန်ရွာအပါအဝင် (၆) ရွာအတွက် အလှူငွေကျပ်သိန်း (၄၀)ကို ဦးမျိုးမြင့်ထွေး ထံသို့လည်းကောင်း ပရဟိတကျောင်းများအတွက် အလှူငွေကျပ်သိန်း (၅၀)ကို နန်းပန်ကျေးရွာ၊ ပြည်ခိုင်ဖြိုးမှ ဦးသန်းထွန်း သို့လည်းကောင်း၊ ပညာရေးကျောင်းများအတွက် အလှူငွေကျပ်သိန်း (၆၀)ကို တိလောကကျေးရွာအုပ်စုမှ ဦးအောင်မင်း သို့လည်းကောင်း၊ လျှပ်စစ်မီးလင်းရေးကိစ္စအတွက် အလှူငွေကျပ် သိန်း(၆၀)ကို တောင်ကိုကျေးရွာအုပ်စုမှ ဦးသိန်းအောင်သို့လည်းကောင်း၊ ရွာသစ်ရွာ စာကြည့်တိုက်များအတွက် အလှူငွေ ကျပ် (၁၀) သိန်းကို တိလောကကကျေးရွာမှ ဦးတင်ထွန်းအောင် သို့လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဝင် ဦးဝင်းမောင်မှ ဦးတင်အေး ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်သိန်း (၁၀၀)ကို ဖောင်ဒေးရှင်းဥက္ကဋ္ဌဦးတက်ထွန်းသို့လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းခဲ့ပါတယ်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ စာအုပ်ဒါဇင် (၂၀၀)အား ဘုရားတောင် အထက်တန်းကျောင်းအုပ်ကြီးသို့ လည်းကောင်း၊ စာအုပ်ဒါဇင် (၂၅၀)အား တိလောကကျေးရွာအုပ်စု ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူး ဦးခွန်ထောသို့

လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ ပါတယ်။ ဆက်လက်ပြီး အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက် ဖူးမြော် ကြည်ညိုကြပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီကိုယ်စား အလှူငွေကျပ် (၂၅)သိန်းကို ဂေါပကအဖွဲ့သို့ လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် နေ့လယ်စာကို ရွှေအင်းသား ဟိုတယ်မှာ စားသုံးပြီး အေးသာယာသို့ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ ညပိုင်းမှာတော့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့အား အေးသာယာ ဂေါက်ကလပ်မှာ ညစာဖြင့် တည်ခင်းဧည့်ခံပါတယ်။ ဆက်လက်ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့အား တာဝန်ရှိသူများလိုက်ပါလျက် ၃၀-၈-၂၀၁၄ စနေနေ့မှာ အေးသာယာ ဂေါက်ကလပ်မှ ထွက်ခွာခဲ့ပြီး တောင်ကြီးမြို့တော်ခန်းမကို (၈း၄၅)မှာ ရောက်ရှိပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တက်ရောက် ခဲ့ကြပါတယ်။

အခမ်းအနားမှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ လက်ရှိနိုင်ငံတော် အခြေအနေ၊ လွှတ်တော်နှင့် အစိုးရတို့ရဲ့ ဆောင်ရွက်နေမှုများ၊ လာရောက်လှူဒါန်းရခြင်းအကြောင်းများကို ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လာရောက်လှူဒါန်းရခြင်းနှင့် လှူဒါန်းငွေများကို အသေးစိတ် ဖတ်ကြား တင်ပြခဲ့ပါတယ်။ ထို့နောက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ဆောင်ရွက်ရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ ပအိုဝ်းစာပေနှင့် ယဥ်ကျေးမှုကျေးလက်ဖွံ့ဖြိုးရေး ကျောင်းများ အတွက် အလှူငွေ ကျပ်သိန်း (၅၀)ကို ဂေါပကလူကြီး ဦးခွန်ဆပ် သို့လည်းကောင်း၊ သာသန လင်္ကာရကမ္ဘောဇ သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် အလှူငွေ ကျပ်သိန်း (၅၀) ကို ဂေါပကသို့လည်းကောင်း၊ ဓမ္မဝိဒူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ကျပ်သိန်း (၃၀) ကို ရပ်မိရပ်ဖ ဦးရဲသွင်သို့လည်းကောင်း၊ ပညာဥယျာဥ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ကျပ်သိန်း(၃၀)ကို ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူး ဦးခွန်မောင်စိုး သို့လည်းကောင်း၊ ရာစုသစ် သွေးလှူရှင် နှင့် လူမှုစောင့်ရှောက်ရေးအဖွဲ့အတွက် အလှူငွေကျပ်သိန်း(၃၀)ကို ခရိုင်ပါတီ အတွင်းရေးမှူး ဒေါ်ခင်ထွေး သို့လည်းကောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (၉) ကျောင်းအတွက် အလှူငွေ ကျပ်သိန်း (၁၈၀)ကို ပြည်ခိုင်ဖြိုးပါတီကော်မတီဝင် ဦးစိုင်းဇော်ဇော် သို့လည်းကောင်း ပေးအပ်လှူဒါန်း ခဲ့ပါတယ်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေမှ တောင်ကြီးမြို့ပညာရေးဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်သိန်း (၂၀၀)အား ပြည်နယ် လူမှုရေး ဝန်ကြီး ဒေါက်တာမျိုးထွန်း သို့လည်းကောင်း၊ စာအုပ်ဒါဇင် (၆၅၀)ကို သက်ဆိုင်ရာ ကျောင်းများရှိ တာဝန်ရှိသူများကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဝင် ဦးဝင်းမောင် မှ တောင်ကြီးဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများအတွက် အလှူငွေ ကျပ် သိန်း(၁၀၀)ကို ပြည်ခိုင်ဖြိုးပါတီမှ ဦးစိုးလုံးကျော် သို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။

အဲဒီနောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း မှ ယခုလို ပြည်နယ်အတွက် လာရောက်လှူဒါန်းသဖြင့် ဒေသခံများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။ ထို့နောက် အခမ်းအနားအား (၁၀း၀၀) နာရီအချိန်မှာ အောင်မြင်စွာ ပြီးဆုံးခဲ့ပါတယ်။ အဲဒီနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဟာ ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူစေတီ သို့သွားရောက်ဖူးမြော်ကြည်ညိုကြပြီးတော့ အဆိုပါဘုရားမှာ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ ပအိုဝ်းသာသနာနုဂ္ဂဟအသင်း တည်ထောင်ရန်အတွက် အလှူငွေကျပ် သိန်း(၁၀၀)ကို ဂေါပကလူကြီးထံ ပေးအပ်လှူဒါန်းခဲ့ပြီး နေ့လယ်စာကို Hlaing Xonn Restaurant မှာစားသုံးပြီးတော့ အေးသာယာ ဂေါက်ကလပ်သို့ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်။ ဩဂုတ်လ (၃၁)ရက် မနက် (၈)နာရီချိန်မှာတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဟာ အေးသာယာ ဂေါက်ကလပ်ကနေပြီးတော့ နေပြည်တော်ကို ပြန်လည်ထွက်ခွာခဲ့ကြပြီး နေပြည်တော်သို့ (၁၂း၀၀) ချိန်ခန့်မှာ ရောက်ရှိခဲ့ကြပါတယ်။ အထက် ဖော်ပြပါ ရှမ်းပြည်နယ်မှာရှိတဲ့ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ညောင်ရွှေမြို့နယ် ၊ လွိုင်လင်မြို့နယ်၊ တောင်ကြီးမြို့များအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ကျပ်သိန်း (၂၂၉၈၉၅၀၀၀) ဖြစ်ပြီး စာအုပ်ဒါဇင် စုစုပေါင်း (၁၃၅၀) ဒါဇင် ဖြစ်ပါတယ်။ အဆိုပါ လှူဒါန်းငွေနှင့် ခရီးစဉ်တစ်လျှောက် ကုန်ကျစရိတ် များကို ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌဒေါက်တာခင်ရွှေ မှ လှူဒါန်းမှုပြုခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အခြားလှူဒါန်းမှုများနဲ့ပတ်သက်၍ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အား ဝင်းစိန်ဆရာတော်ဘုရားကြီးနဲ့ မန္တလေး၊ ချမ်းမြသာစည်ဆရာတော်ဘုရားကြီးကို ဘန်ကောက်မှာ ဆေးဝါးကုသမှုခံယူရန်အတွက် ငွေကျပ်သိန်း (၇၂၀)၊ မြန်မာလူငယ်များ စွမ်းဆောင်ရည် မြှင့်တင်ရေးကွန်ရက်အတွက် ငွေကျပ် (၄၄၄၀၀၀၀) ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ကြီးမှူးသော အသျှင်ဦးဥတ္တမ (၇၅) နှစ်မြောက် စိန်ရတု အထိမ်းအမှတ် အခမ်းအနားအတွက် ငွေကျပ်သိန်း (၅၀)၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှာရှိတဲ့ ရေဘေးမီးဘေးအတွက် မိသားစု (၁၀) ယောက်စာ အသုံးပြုနိုင်သော အိမ်အသုံးအဆောင် ပစ္စည်း (၁၅) မျိုးပါဝင်တဲ့ Package ပုံး (၁၅၀) နှင့် ပို့ဆောင်စရိတ်အတွက် ငွေကျပ် (၆၅၅၀၀၀၀)၊ နေပြည်တော်ကောင်စီနယ်မြေ၊လယ်ဝေးမြို့နယ် စမတောင် ဘုန်းတော်ကြီး ကျောင်းမှာ ဖွင့်လှစ်ထားတဲ့ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်အတွက် ငွေကျပ်သိန်း (၁၀၀) တို့ကို လှူဒါန်းနိုင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ယခုတင်ပြပါ ကယ်ဆယ်ရေးနှင့် ကူညီ စောင့်ရှောက်ရေး ကော်မတီရဲ့ (၅/၂၀၁၄) အစီရင်ခံစာမှာ ကူညီဆောင်ရွက်ခဲ့မှုများ အနှစ်ချုပ်အနေနဲ့ တင်ပြရရင် ရန်ကုန်တိုင်းအတွင်း မျက်စိဝေဒနာရှင် (၈၁၉၉)ဦးကို ကြည့်ရှုစစ်ဆေးခွဲစိတ် ကုသမှုအတွက် ထောက်ပံ့လှူဒါန်းခြင်းက ကျပ်သိန်း(၃၁၃၂)သိန်း၊ မော်လမြိုင်၊ ရေး၊ ကျိုက်မရောမြို့နယ်များအတွက် လှူဒါန်းခြင်းက ကျပ်သိန်း(၂၄၂၅၆၁၄၀၀)၊ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ လွိုင်လင်၊ တောင်ကြီးမြို့များ ဒေသဖွံ့ဖြိုးရေးအတွက် သွားရောက် လှူဒါန်းခြင်းက ကျပ်သိန်း (၂၂၉၈၉၅၀၀၀)၊ တိုင်းနဲ့ပြည်နယ်များမှာရှိတဲ့ လူမှုရေး၊ ပညာရေးဆိုင်ရာများအတွက် လှူဒါန်းခြင်း အတွက် ကျပ်သိန်း(၉၇၉၉၀၀၀၀)၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှာရှိတဲ့ ရေဘေးသင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် သွားရောက်လှူဒါန်းခြင်းက ကျပ်သိန်း(၁၃၄၉၃၉၅၀)ဖြစ်ပြီးတော့ စုစုပေါင်း လှူဒါန်းခြင်းငွေက ကျပ်သိန်း(၁၀၁၈၅၅၀၃၅၀) ဖြစ်ပါ

ကြောင်းနှင့် ဆက်လက်၍လည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ ဒေသဆိုင်ရာ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီ။ ကျေးဇူးတင်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မှ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များအား စမ်းသပ်၊ စစ်ဆေး ခွဲစိတ် ကုသထောက်ပံ့သည့်အခမ်းအနားသို့ လာရောက်ကြည့်ရှုပုံ (၄)



အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ ရေးမြို့နယ်ရှိ အ.ထ.က(၁)၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တွင် ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားမြင်ကွင်းပုံ (၄၅-၁)




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ တောင်ကြီးမြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ် မြင်ကွင်းပုံ (၄၅-၂)



**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီက ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှု အစီရင်ခံစာ (၅/၂၀၁၄)ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၃)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက် နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]